# ဘင်္ဂလားအဝကျွန်းသမိုင်း

ရခိုင်အမျိုးသမီးများအစည်းအရုံးမှ
ရိုက်နှိပ်ဖြန့်ဝေသည်

ဤသမိုင်းကိုမိမိရို့ ရခိုင်အမျိုးသမီးများအစည်းအရုံးမှ ရနိုင်သမျှစုဆောင်ပြန်လီရိုက်နှိပ်၍ လက်ကမ်းမူအဖြစ် ၂၀၀၃–၃ နှစ်မှစ၍ ဖြန့်ချီခသည်။

## လောင်းဒရိတ် မိုးသီးနတ်တောင်သို့

ကောင်းကင်တခုလုံးအမှောင်ဖုံးနေသည်၊ တန်ဆောင်မုန်းလဖြစ်၍လည်း မိုးအ ကုန်ဆောင်းအကူးရာသီအချိန်၊ ရာသီမမှန်တော့ ရေအဏ္ဏဝါပင်လယ်ပြင်တွင် တောင် လေနှင့်မြောက်လေ သူတမျိုးငါတလှည့် လုယက်တိုက်နေရာကား ရေမျက်နှာပြင်မှာ မငြိမ်သက်နိုင်ဘဲ အလွန်ကြီးမားသော လှိုင်းတံပိုးတို့ လှိုင်းဘောင်ဘင်ခတ်၍ ဆူညံ နေတော့သည်။

ထိုကြောက်မတ်ဖွယ်ရာ လှိုင်းတံပိုးကြားကြီးတွင် လုံးဝမမျှော်လင့်နိုင်ဖွယ်ရာ ကလေးငါးဆယ်စု တစုသည် ရွက်ကုန်ဖွင့်ကာ အရှေ့မှအနောက်သို့ စွန့်စားကူးခပ် နေသည် လှေကလေးများမှာ ကြီးမားဆူညံသောလှိုင်းတံပိုးအရှိန်ကြောင့် မိုးထိအောင် မြှောက်ပါသရွေ့ လှိုင်းအကျတွင်မူ အဝီစိငရဲပြည်သို့ တိုးကျသလို နစ်မြုတ်ပျောက် ကွယ်ကြရပြီး လှိုင်းအတက်တွင်တဖန် ပြန်ထောင်တက်လာသည်။

လောကတခုလုံးအမှောင်မဲနေ၍လည်း ဘယ်လှေကမြုတ်၊ ဘယ်လှေကပျက် ဘယ်လှေမှာ ဘယ်သို့ဦးတည် တိုက်သွားနေသည်ကိုလုံးဝမမြင်ရတော့။
အမှောင်ထုကြီးနှင့် အလွန်ကြီးမားသောလှိုင်းကြီးများကြားစွန့်စားပြေးလွှားနေသော လှေကလေးများသာ ဖြစ်သည်။

လှေထဲတွင်ပါလာသူများကား အသက်မှဖြောင့်ဖြောင့်မရှူနိုင်ကြ၊ မိုး ကောင်းကင်သို့ အဝီစိသို့ ထိုးကျလိုက်နှင့် အနေရအထိုင်ရ ကမောက်ကမဖြင့် ညအချိန်ဘာကိုမှမမြင်မှောင်မဲ၍သာ နေတော့သဖြင့် အားငယ်စိုးရိမ်ကြောင်းကြ ရသည့် ဘဝတူကြမ္မာတူလှေများ တစင်းတလှေမှ မတိမ်းရှောင်မပျက်စီးစေလို ကြောင်း အာသီသထားကြသည်။ မိုးမှလင်းပါစေတော့ဟူ၍လည်း ဆုတောင်း ကြပြန်သည် သို့သော် အမှောင်ပျောက်၍ အလင်းရောက်ပြန်လျှင် အလွန် ဆိုးသွမ်းသော ပေါ်တူဂီဓါးပြရန်ကိုကြောက်ရဦးမည်ဖြစ်သဖြင့် အလင်းရောင်မပေါ် စေလို သို့သော် မှောင်ထဲမှာ မိမိတို့အချင်းချင်းလည်းမမြင် ရေလမ်းမှမှန်၏လော့ ဟူ၍မသိနိုင်ကြ အလင်းလည်းမလို အမှောင်လည်းမလိုလားသော အလွန်ဆိုးရွား သည့်အခါသမယကြီးတွင်သေရေထဲ။ ရှင်ရွှေနန်းစိတ်ထဲဖြင့် အနောက်သို့စွန့်စား ထွက်ခွာလာခဲ့သည်သာဖြစ်သည်။

တပ်မင်းကြီးပျို့အောင်သည် ပဲ့စင်လက်ရမ်းကို ကိုင်ခါရပ်လိုက်သည်။ ဘယ်ညာဝဲယာကြည့်သည် ဘာကိုမှမမြင် သူ့လှေကိုယ်တိုင်က မတည်ငြိမ် ထောင်လိုက်ကျလိုက်ဖြစ်သည်၊ တဖန်ထိုအချိန်ထိုအခါက ပင်လယ်ရေကြောင်း သွားသူများ၏ ရှေ့ဆောင်လမ်းပြဖြစ်သည့် ကြယ်တာရာ နက္ခတ်တို့ကိုအားကိုး ကြသော်လည်း ထိုညမှာမူ မိုးသားထုကြီး ပိတ်ဖုံးနေ၍ နှင်းလသာသော ညမဟုတ်၍ မိုးသားထုထဲမှမည်သည့်ကြယ်တပွင့်မှမထွက်ပြုနိုင်ကြ။

တပ်မင်းကြီးပျို့အောင်ဟူ၍သာထိုသူအားသိရှိစေကာမူတလောကလုံး မှောင်မဲနေရကား တပ်မင်းကြီးကို သဲသဲကွဲကွဲမမြင်ရတော့ မှောင်ထဲကနေရကား မှောင်မဲမဲလူကြီးတဦးဟူ၍ သာမန်မှုဝါးဝါးမြင်ရသည်။ သို့သော် အပြောကျယ်စွာ သော ရေအဏ္ဏဝါပြင်တွင် အချိန်အခါ မဟုတ်ပါဘဲ လှိုင်းလုံးလေလုံးကြား စွန့်စား သွားလာမှုကို ထောင့်ချင့်ခြင်းဖြင့် သံမိဌာန်ခိုင်မြဲပြီး စွန့်စားသူရသတ္တိပြည့်ဝသူ တဦးကား အမှန်ဖြစ်တော့သည်။
မာန်အောင်ကျွန်းလေးကားဘင်္ဂလားပင်လယ်ထဲတွင်ပဏာတင့်လှသောကျွန်းကလေးတကျွန်းဖြစ်သည်၊ သာယာကြည်နူးဖွယ်ရာကောင်းလှသည့် ကမ်းန ဖူးတွင် အုန်းပင်များအစီအရီဖြင့် ကျွန်းသဘာဝအလှကို ဆောင်နေသည်၊ မာန် အောင်ကျွန်းသားတို့ဘဝရိုးသား၍တည်ကြည်ကြသည် တပ်မင်းကြီးကား မာန် အောင်ကျွန်းဇာတိဖြစ်သည်။

ကျွန်းကလေးမှာ ကျွန်းသဘာဝအလှကို ဆောင်နေသရွေ့ ကျွန်းသူကျွန်းသားတို့၏ အတွင်းရေးမှာသွေးချောင်းစီးနေသည်။
အချိန်မှာမြန်မာသက္ကရာဇ်(၁၁၄၆)–ခုဖြစ် သည်။
မြောက်ဦးတည် စောမွန်မင်းဆက်ပြတ်ခဲ့သည်မှာ ထို ၄၆–ခုနှစ်နှင့် ဆိုလျှင် အတော်ကြာခဲ့ပြီး စောမွန်မင်းဆက်ပြတ်ပြီးနောက်
ရခိုင်ရွှေနန်းတော်တွင် တရက်ခံတရက်စံ မင်းများ ဆက်တိုက်ပေါ်ခဲ့သေးသည်။ ထိုမှတဖန် ရခိုင်မင်း ဆက်ပြတ်သွားပြီးနောက်
မဟာသမတမင်းဟူ၍ ခေတ်စားလာသည်။
ဘုရင်ကိုသတ်ဘုရင်မှတ်ရသောခေတ်တွင်တဦးကိုတဦးလုပ်ကြံသတ်ဖြတ် နန်းလုကြသည်မှ မင်းဆက်ပြတ်ခဲ့ပြီးနောက်
ရမ်းဗြဲမာန်အောင်မှ ထွက်ပေါ်လာ သော မဟာသမတမင်းသည် မြောက်ဦးထီးနန်းနှင့် တိုင်းပြည်ကိုပါ မအုပ်ချုပ် နိုင်တော့၊
အသွယ်သွယ်အထွေထွေသော မြို့စား နယ်စား ရွာစားတို့ကလည်း ပုန်စားခြားနားကြသည်သာမက တောမီးလောင်၍
တောကြောင်လက်ခမောင်းခပ် သည့်ပမာ ပြည်ရွာတိုင်းပျက်တွင် ဓါးပြလူဆိုးသူခိုးတို့လည်း ဘယ်တော ဘယ်တောင် ဘယ်ချောင်း
ဘယ်မြောင်း မလွတ် လုယက်တိုက်ခိုက် သတ်ဖြတ် သွေးချောင်းစီး ဆိုးရွားကြပြန်သည်။

မာန်အောင်ကျွန်းမှာ ပင်လယ်ပြာတွင် သာယာကြည်နူးဖွယ်ကောင်းစသ ရွေ့ တိုင်းပြည်အပျက်မှာ သွေးစိမ်းရှင်ရှင်စီးနေသည်
ကျွန်းအနှံ့မီးလောင်ပြာကျ တိုက်ခိုက်မှုများ မွန်နေရကား တပ်မင်းကြီးသည် ဇာတိချက်ကြွေမှ အိမ်ထောင် စုသားအားလုံးကိုယူ၍
အမှတ်မထင် ဖရုံကာကျွန်း ဆံတော်ရှင်ဘုရားခြေရင်းသို့ ရုပ်ဖျက်ရှောင် တိမ်းခဲ့လေသည်။

ဆံတော်ရှင်ဘုရားခြေရင်းနှင့် စိုးမဲကျိုကမ်းတွင် အိမ်သူသက်ထားများကို လျှို့ဝှတ် ထားပြီးသည့်နောက် တပ်မင်းကြီးသည်
မိမိနှင့်စိတ်တူကိုယ်တူများ တွေ့လိုတွေ့ငြား လောင်းဒရိတ် မိုးသီးနတ်တောင်ဘက်သို့ မကြာမကြာ ခရီး ထွက်ခဲ့လေသည်။

ဘိုးတော်မင်း

မူးမတ်တော်တို့က ရွှေဘုန်းတော်၏ ဘုန်းသမ္ဘာရောင်ရှိန်ကို ဥဇ္ဇုဒီပါ ကျွန်းလုံးမှာ တုပြိုင်သူမရှိပါကြောင်း
ရွှေနားတော်သွင်းခဲ့သည်တိုင်း နှလုံးတွေ့ထိခဲ့ ရလေသမျှ အာသံမဏိပူအရေးနှင့်ပတ်သက်၍ မိစ္ဆာရိုင်းစိုင်း ကုလားဖြူအမိုက်တသင်း ကို
ဘိုးတော်သည် တက်တခေါက်ခေါက် လက်စွဲတော်သံလျက်ဓါး တကိုင်ကိုင်နှင့် သီဟသနပလ္လင်ဗွေ ထက်မှ အခဲမကျေဖြစ်လေသည်။

နေမျိုးရာဇာသတိုး မဟာဗန္ဓုလတို့ကဲ့သို့သော စစ်တပ်ဗိုလ်ခြေစုံညီ ပေါ်များ သည့်အလျောက် ဒင်းတို့ကုလားဖြူတသင်းကို
စစ်ရေးနှင့် ဒလကြမ်းနှိမ်နင်း ပစ်ရလျှင် ဘယ်ဒင်းကခံနိုင်မတုံးစသည်ဖြင့် သံလျက်ဓါးတဝင့်ဝင့်နှင့် ကုလားဖြူများကို စစ်ရေးပြိုင် ဆိုင်ရန်
တွေးတောကြံဆနေလေသည်။

ပြည်ပျက်မင်းပျောက်နှင့်အချင်းချင်း သတ်ဖြတ်မီးရှို့ ရွာဖျက်နယ်ဖျက်ပြည်ဖျက် ၍ သွေးချောင်းစီး တိုက်ပွဲခိုက်ပွဲပေါ်တွင်
နန်းစီစေလိုကြသော တချို့တချို့သော မြို့စား ရွာစားများသည် ဘိုးတော်အားနှင့် ရွှေထီးရွှေနန်းစံမြန်း စိုးစံနိုင်ကြရန် ဘိုးတော်
မင်းကြီးထံမှ အကူအညီများတောင်းခံလာသည်တွင် ကုလားဖြူများကို အခဲမကျေနိုင် ဖြစ်နေသော ဘိုးတော်သည်
အမျက်တော်ပြေသဘောနှင့် ရန်သူကုလားများကို ရခိုင်နယ်စပ်၌ ဆိုင်ပြိုင်ရန်စစ်တပ်ကြီးများလွှတ်လိုက် လေသတည်း။

တိုင်းသူပြည်သားများမှာ ဆောက်တည်ရာမရအဖြစ်ဆိုးကြီးနှင့် ကြုံတွေ့နေ ခိုက်ဘိုးတော်စစ်တပ်ကြီးက ရိုးမတောင်မှ
ကျော်ဖြတ်ချင်းနင်းဝင်ရောက်တိုက်လာ ပြန်သည်တွင် ရခိုင်ပြည်သည် အပျက်ကြီးပျက်လေတော့သည်။

မြောက်ဦးရွှေနန်းတော်နှင့်တကွ ရခိုင်တပြည်လုံးသိမ်းပိုက်မိကြောင်းကို မြင်း စေတော်မှတဆင့် နာခံတော်တို့
ဆက်သသောရခိုင်ချီရတုကို ကိုယ်လုပ်တော်မောင်း မမိသံတို့နှင့် စံပျော်နေသော ဘိုးတော်ကြားနာရသည်တွင် ရွှေသဘောတော်ကျ
လှရာကား ရန်သူတော်ကုလားများနှင့် ဆိုင်ပြိုင်လိုတော့၍ ရခိုင်ပြည်နတ်မြစ်တ လျှောက်မှာ
ခံကတုပ်များအစောင့်အနေခိုင်မြဲစေရန်ဘွဲ့ဘီဟာမှ အမိန့်တော်မှတ် လေ၏။

သံတွဲမှ

ရခိုင်ရိုးမမှဖြတ်ကျော်ချင်းနင်း ဝင်ရောက်လာသော ဘိုးတော်စစ်တပ်သည် ဓညဝတီမြောက်ဦး ရွှေနန်းသိမ်းပိုက်မိသော်လည်း
ပြည်သူလူထုကို ငြိမ်ဝပ်ပိပြား အောင်မအုပ်ချုပ်နိုင်။

အနယ်နယ်အရပ်ရပ်မှ အဆက်မပြတ်ခုခံတော်လှန်တိုက်ခိုက်မှုတို့မှာ မခံချင်း စိတ်နှင့် မူတည်ကြခြင်းသာဖြစ်၍
တတိုင်းပြည်လုံးပြည်သူအင်အားနှင့် တိုက်ခိုက်မှုမဖြစ် ဘဲ တပွဲရှုံးမှတပွဲပေါ်သဘောဖြစ်လေသည်။

တိုင်းပျက်ပြည်ပျက်အခါပျက်တွင် ပြည်သူပြည်သားများကား အခါဆိုးအနေ ဆိုးအဖြစ်ဆိုးမှ ကယ်တင်မည့် လူစွမ်းကောင်းကို
မျှော်ကိုးကြပြန်သည်။ သိုက်တပေါင် များအရ ဘယ်အရပ်ကမင်းလောင်းပေါ်လိမ့်မည်နိုးနိုးနှင့် ပြေးရင်းလွှားရင်းနား စွန့်ကြသည်။
ပုံးလျှိုးကွယ်လျှိုးကြား မင်းကောင်း မင်းမြတ်များပေါ်ပါတော့ဟူ၍လည်း ဆုတောင်းကြသည်။ ဗုဒ္ဓရှင်တော်ဘုရား၏အဆုံးအမကို
နာခံသည့်လူမျိုးဖြစ်သည်နှင့် အညီ၊ တတိုင်းပြည်လုံးမီးလောင်ပြာကျ လုယက်သတ်ဖြတ်မှုများမှ လွတ်မြောက် ကြောင်း
ရှင်တော်ဘုရားကို တထိတ်ထိတ်တလန့်လန့်ကြားမှ အာရုံပြုကြသည်။

ကြေးရေတပ်များ၏ နေရေးထိုင်ရေးနှင့်အသက်တချောင်းတည်မြဲရေးကား အဆိုးဆုံးဖြစ်၍

အသက်ဆက်လတ်တည်တံ့ပါစေတော့ သဘောနှင့်ငြိမ်းချမ်းရေးရရာ ရကြောင်းအတွက်ရှိသမျှဥစ္စာနှင့် သမီးကညာများပါဆက်သကြ ရသည်။

ရခိုင်ပြည်တောင်ဘက်ဆုံး ဒွါရာဝတီ သံတွဲမြို့

ရေးမြို့စားပြည်စားများ၏ ကောင်းမှုတော်ရွှေဆံတော်ဘုရား၊ ကျောက်ဆူး တောင်ဘုရားနှင့် ကြက်ပျံမကျစည်ကားလှသည်။
အာကာပျံဝဲမြို့သံတွဲဟူ၍ ကဗျာလင်္ကာသီကုံးဖွဲ့နွဲ့ခဲ့ကြရသော ထိုသံတွဲကား ကျောက်ဘူးတောင်ရွှေဆံတော်တို့၏ ဆွဲသံတည်ညံ့နှင့်
သာယာကြည်နူးဖွယ်ကောင်းသရွေ့ အခါပျက်တွင်တမြို့လုံး တိတ်ဆိတ်ခြောက်သွေ့နေသည်။ ခြံစည်းရိုးကား ဝါးတံခါးများကို
အိမ်ပေါက်စေ့ ပိတ်ထားကြပြီး အိမ်ထဲတွင်ကုတ်ချောင်းချောင်းနေကြသည်။
မောက်တိုမောက်ရှည်များ ဝင့်ဝါစွာဝတ်စားဆင်ယင်ထားသောမြို့ကို အုပ်ချုပ်သည့် စစ်သည်တော်များသာ တလမ်းဝင်တလမ်းထွက်
ဓါးလက်နက်စွဲ ကိုင်လျှက် လမ်းတလျှောက်လားနေကြသည်။ နေရောင်တွင်ဖြိုးဖြိုးလတ်လတ်နှင့်
ဝတ်စုံခမောက်ဆောင်မြင်းစီးစစ်သားများမကြာမကြာ မြို့တွင်းဒုံးစိုင်းနေကြရကား နဂိုက
မှဖုံထူသောသံတွဲမြို့မှာဖုံတထောင်းထောင်းနှင့်ဖြစ်ရတော့သည်။
အိမ်တွင်းတိတ်ဆိတ်နေထိုင်ကြရသူများကား မြင်းစီးစစ်သားများ ဒုံးစိုင်းလာ တိုင်း ဘုရားသိကြားမ၍ ကိုယ်အိမ်ရှေ့မရပ်ပါစေနှင့်
ဝင်းတံခါးကိုမြင်း နှင့်တိုက်မ ဖွင့်ပါစေနှင့်ဟူ၍ဆုတောင်းစိုးရိမ်ကြသည်။
            သမီးကညာနှင့်ရွှေငွေဘဏ္ဍာဆက်သမှငြိမ်းချမ်းရေးရသည့်သံတွဲမြို့။
နေ့တွင်ထိုမျှတိတ်ဆိတ်တုန်လှုပ်ခြောက်ခြားနေလျှင် မှောင်သောည
များမှာဆိုလျှင် သုသာန်တစကဲ့သို့ ကြောက်ရွံ့ဆိတ်သုဉ်းမည်ကို ပြောဖွယ်မလိုတော့။ တမြို့လုံးမှောင်နှင့်မဲမဲ။
အကျော်သော်ဒလီသည် မီးခင်မှတဆင့် ကညင်ဆီမီးတိုင်သို့ မီးကူး လိုက်သည်။ သံတွဲမြို့တခုသောရပ်ကွက်
အုန်းပင်များထူထပ်ဝိုင်းရံထားသည့် အိမ်ကြီး တဆောင်၏ ဆင်ဝင်ခမ်းသည် ကညင်ဆီမီးတိုင်ကြောင့် မှုန်ဝါးဝါး ဆင်ဝင်ခမ်းသင်း
ဖြူးဖျာပေါ်တွင် တင်ပလွှေထိုင်နေကြသောသူများကား ကညင်မီးရောင်ကြောင့်တ ဦးကိုတဦးမှုန်မွှားမွှားမြင်ကြရသည်
ဆင်ဝင်ခမ်းကိုသံတွဲလက် ယက်ခြည်စောင်များ နှင့်ကာရံထားရကားဆင်ဝင်ခမ်းမှ မီးရောင်ကို အပြင်မှမမြင်ရ အခန်းထဲဘယ်သူ
များဘာပြော ဘာတိုင်ပင်ကြသည်ကိုလည်းကြေးရေတပ် ဦးထွန်းအောင်ရှိကား တဘက်စောင်ကြီးခြုံကာ အကျော်သော်ဒလီတို့
အိမ်သို့ညအမှောင်တွင်း မှောင်ရိပ် ခိုကူးခဲ့သည် မိမိနောက်မှတယောက် ကချောင်းမြောင်းလိုက်လံနေလေ သလော၊
စိုးရိမ်စိတ်နှင့်နောက်သို့ မကြာမကြာလှည့်ကြည့်ပြီး ခိုးဝှတ် လာရခြင်းဖြစ် သည်။
လွန်ခဲ့သောရက်များကရွှေဆံတော်ဘုရားမြေကိုပြုပြင်ညှိနှိုင်းခဲ့ရ
သည့်အလုပ်တွင် ကြေးရေတပ် ချင်းအကျော် သော်ဒလီနှင့်တွေ့ဆုံခဲ့သည်။ ဤနေ့ည ကိုအိမ်သို့လာခဲ့ရန် လျှို့ဝှတ်မှာကြားခဲ့ချက်အရ
သော်ဒလီတို့ အိမ်သို့လာခဲ့ခြင်း ဖြစ် သည်။
ဘုရားမြေလုပ်အားတွင် ကိုယ်နှင့်ခင်မင်ရင်းနှီး စိတ်ချရသော ဦးမောင်ဘုချေ ကိုပါ သော်ဒလီလက်တို့မှာခဲ့သဖြင့်
ထိုညကညင်ဆီမီးရောင်အောက်တွင် တဘက် စောင်းကြီးခြုံထားသောဦးမောင်ဘုချေကိုပါ၊ ဦးထွန်းအောင်ရှိ  တွေ့မြင်ရသည်။
အခန်းထဲတွင် အကျော်သော်ဒလီသား အဘဦးထွန်းအောင်ရှိနှင့် ဦးမောင် ဘုရှေ ၄–ဦးသားဆင် ဖြူးဖျာပေါ်တွင်
တင်ပလွှေထိုင်နေကြသည်။
သော်ဒလီ၏သမီးသားအိမ်သားများကား ဆင်ဝင်ခမ်းနှင့် အိမ်ထဲခန်းကူး သည့်တံခါးဝတွင် စုပြုံထိုင်နေခါ စိုးရိမ်သောမျက်နှာထားနှင့်
ထို၄–ဦးဘာပြောကြ မည်ကိုနားစွင့်နေကြသည်။
ထိုညလွန်မြောက်ပြီး၊ ရက်အတော်ကြာသောအခါ ထိုည၌ ချိန်းဆိုချက်အ တိုင်း လောင်းဒရိတ်တောင်စဉ်ကမ်း မိုးသီးနတ်တောင်သို့
အကျော်သော်ဒလီ အိမ်သား စု၊ သော်ဒလီမိသားစုနှင့် တကွဦးထွန်းအောင်ရှိ၊ ဦးမောင်ဘုရှေတို့ မိသားစုံညီ အလျှို့ လျှို့ရောက်ရှိ၍
အမှတ်မထင်နေထိုင်ကြ လေသည်။

လောက်
ပင်လယ်ကမ်းစပ်ကျောက်ဆောင်ပေါ်တွင် ဆောင့်ခြောင့်ထိုင်ကာ ရွံ့မြေလုပ် ဆေးတန်အိုး၌ မာန်အောင်ဆေးရွက်မှုန့်များထည့်ရင်း
ဝါးဆေးတန်ရှည်နှင့် တခါ နှစ်ခါရှူကြည့်လိုက်ပြီး ဦးဂေါင်းကြီးသည် မီးခပ်မှမီးကူးလိုက်သည်။ လက်ယက်
ထည်အမဲကွက်ခြေလုံချီတောင်ရှည်ကိုပေါင်းရင်းသို့တိုင် မယတင်ထိုင်နေခြင်းဖြစ်ရကား။ ဒူးခေါင်းအထိဆေးမှင်ကြောင်များ
အထင်သားမြင်ရသည် ဆေးမှင်ကြောင်များအထင် သားမြင်ရသည်။ ဆံထုံးမှာမူ ညာတစောင်းထုံးဖွဲ့ထားသော်လည်း လျော့ရိရိဖြစ်၍
ပင်လယ်မှတိုက်ခိုက်သော လေရူးသုန်သုန်ကြောင့် ဂုတ်ပေါ်ဆံပင်ရှည်များဝဲပျံနေသည်။ ကာဖုံးခြည်
ကြမ်းအင်္ကျီလက်ရှည်ကိုကော်လံကြယ်သီးတက်ထားသည်။
ဝါးတံရှည်နှင့်တက်ထားသောမြေဆေးအိုးကိုတအားရှူလိုက်ပြီး ပင်လယ်ပြင်ထဲတဖြည်း ဖြည်းငုံ့ဝင်နေသည့်
နေလုံးကြီးကိုစူးစိုက်ကြည့်နေသည်။ ဦးဂေါင်းကြီးဘေး သဲသောင် ပြင်တွင်မက် တတ်ရပ်ကာ ပင်လယ်ပြင်စူးစိုက်ကြည့် နေသူကားတပ်
မင်းကြီးပျို့ အောင်ပင်ဖြစ်သည်။ စကားမပြော ကြတိတ်ဆိတ်နေသည်

ကျွန်တော်တော့ ခင်ဗျားကိုမြင်မြင်ချင်း သြော်– ရမ်းဗြဲကဦးဂေါင်းကြီးပါတ ကားလို့ မှတ်မိပါတယ်။ တပ်မင်း
ကြီးပင်လယ်ပြင်မျက်နှာထားရင်း တိတ်ဆိတ်ခြင်း ကိုဖေါက်လိုက်သည်။
ဟုတ်မှာပေါ့တပ်မင်းကြီးရဲ့ ခင်ဗျားကကျွန်တော်တို့ ကျွန်းကိုလည်း ရောက်ခဲ့ ဘူး တာကိုကျွန်တော် လည်းခင်ဗျားကိုမှတ်မိပါတယ်။
အင်း–အယင်ကတော့တပ်မင်းကြီး ခုတော့တံငါသည်ပေါ့ တိုင်းပြည် ပျက်တယ်ဆို တာဘယ်လိုပါ လိမ့်လို့အယင်ကတွေးကြည့်မိခဲ့တယ်
ခုတော့ကိုယ် တွေ့ကြုံရပေါ့။ ခုနေများမာန်မှာ ဘယ်လိုအဖြစ်ဆိုးများ ကြုံတွေ့နေရပါလိမ့်။
တရွာမကောင်းသူကောင်းမဖြစ်ဆိုတဲ့ကိန်းပေါ့။ တပ်မင်းကြီးရဲမာန်အောင်အကြောင်း တပ်မင်းပြောလို့တော့ကြားရပြီ။ နားမချမ်းသာ
စရာပေကိုး၊ ကျွန်တော်တို့ရမ်းဗြဲလည်း မာန်အောင်လိုပျက်တာဘဲ။ ရွာစား၊ နယ်စားကြတာ တနေ့တယောက်ပေါ့ ဒီနေ့တယောက်ပေါ်လာ
သမီးကညာ တောင်းဆို၊ နောက်နေ့ကျတော့သူ့လူယုံကလုပ်ကြံရွာစားဖြစ်။ သမီးကညာတောင်ညာတောင်းဆိုနဲ့
ဒီကြားထဲတိုက်လိုက်တဲ့ဒါးမြတွေ လူသတ်၊ ရွာမီးရှို့နဲ့ သွေးချောင်းစီးပျက်တာပါဘဲ တပ်မင်းရဲ့။
ဒီကိုလာတော့ ဦးဂေါင်းကြီးရဲ့တအိမ်ထောင်လုံးဘဲလား။ ကျွန်တော် ပြေးခဲ့တုန်းကတော့ တအိမ်ထောင်ပါဘဲ ဒါပေမဲ့
ကုန်ခဲ့တဲ့လကျွန်တော် လောင်းဒရိပ် ကိုသွားတော့ ကျွန်တော်တို့ကျွန်းမှ ဦးမောင်ဝေ၊ ဦးကျွန်းဦး၊ ဦးအောင်ဇံတို့ ကိုတွေ့ခဲ့တယ်၊
သူတို့လည်းတိမ်းရှောင်လာကြတာဘဲ။
အင်း–––အခါပျက်တယ်ဆိုတော့ ကိုယ့်ရပ်ကိုယ့်ရွာမှာလုပ်ကိုင်စားသောက်မနေ နိုင်ကြဘူးပေါ့ ။ ကိုယ်ချင်းစာပါတယ်။
မိုးသီးနတ်တောင်ရွာကား ပင်လယ်ကမ်းစပ် တံငါလုပ်ငန်းထွန်းကား ရာရွာကြီးတရွာဖြစ်သည်။ သံတွဲ၊ ရမ်းဗြဲ၊
မာန်အောင်တို့မှာတိုင်းပျက်ပြည်ပျက်၍ ရုပ်ဖျက်ရှောင်တိမ်းလာသူများ စုဝေးရာဒေသလည်းဖြစ်နေပေသည်။  မိုးသီးနတ် တောင်ရွာ
တံငါသည်များသည် တန္ခေ၊ တဆောင်း၊ တမိုးစသော တနှစ်လုံးလုံး ရေအဏ္ဏဝါပင်လယ်ပြင်တွင် ရာသီမရွေးငါးဖမ်းနိုင်ကြသော်လည်း
လက်နက်အင်အား ကောင်းသော ပေါ်တူဂီရေကြောင်းဓါးပြတို့ရန်ကို  ကြောက်ရသည်။ တခါတရံ ပေါ်တူ ဂီးဓါးပြတို့သည်
လောင်းဒရိတ်မိုးသီးနတ်တောင်စသော ပင်လယ်ကမ်းစပ် ကျေးရွာ များသို့အတင်းတက်ရောက်ကြကာ ရိက္ခာများ လုယက်ကြသည်
အထူးသဖြင့် ပေါ်တူဂီ ဓါးပြများနည်းပါးသောရာသီမှာ မိုးရာသီဖြစ်ကြောင်းကို တံငါသည်များမှတဆင့် တပ်
မင်းကြီးပို့အောင်ကြားသိရသည်။ ထိုမျှမကသေး တချို့တံငါလှေများ ပေါ်တူဂီဓါးပြ ဘေးမှကင်းဝေး၍
အနောက်စူးစူးသို့လှည့်လည်စက်စားကြသည့်တွင် ဝေးလှသောပင် လယ်ပြင်ခရီး၌ နေချင်စဖွယ် သာတောင့်သာယာ
ကျွန်းညိုပြာများတွေ့ရှိခဲ့ကြသည် များကိုလည်း ထိုတံငါသည်များမှတဆင့်ကြားရပြန်သည်။
နေမှာပင်လယ်ပြင်ထဲမြုပ်ဝင်သွားပေပြီ မိုးကုန်တော့မည်ဖြစ်၍ ကောင်းကင်တခုလုံး ယခင်ကဲ့သို့ မှိုင်းအုံ့မနေတော့ ပြာလဲ့လဲ့ဖြစ်နေသည်၊
ပင်လယ်ကမ်းစပ်သဲသောင်ပြင်နှင့် ကျောက်ဆောင်ပြင်တွင် စကားလက်ဆုံကျနေသော စစ်ပြေးတပ်မင်းကြီးနှင့် ဦးဂေါင်းကြီး
တို့ကားတနေ့သော် ကိုယ့်ရွာပြန်ရနိုးနိုးစောင့်မျှော်ခဲ့ကြသော်လည်း တလမှတလသို့ သာကူးခဲ့သည်။
ဤအတွင်းမှာပင် တိုင်းပြည်ကမင်းလောင်းမျှော်သရွေ့ ရခိုင်ပြည် သူပြည်သားများကို ကယ်တင်မည်ဟန်နှင့် ဗိုလ်ချင်းပြန်ဟူ၍
ပေါ်လာလေသည်။ တွေ့သမျှနေရာတွင် လူသူလက်နက်စုဆောင်းပြီး ရွာမကျန် ဓါးပြတိုက်ခိုက်လုယက် ရပြန်ကားအရေးထဲ
အသားထဲကလောက်ထွက်ခြင်းဟုပင် တိုင်းပြည်က နာကျည်း ကြသည်။
သို့သော်ဗိုလ်ချင်းပုံကို မည်သည့်ရွာစားကျေးရွာမှ မခုခံနိုင် ဤမိုး သီးနတ်တောင်လျှင်ပင် နေ့လော ညလော
ချင်းပုံလာတိုက်တော့မယောင် ကြောက်ရွံ့ နေကြရသည်။
ဗိုလ်ချင်းပုံ၏မိုက်ရိုင်းသောတပ်သားများလွှန်ခဲ့သော ၃–၄ရက်က လောင်းဒ ရိပ်ရွာကို ထုံးလိုချေ ရေလိုနှောက်သွားပြီဟူ၍လည်း
သတင်းဆိုးကြားရပြန်၍ မိုးသီးနတ်တောင်ရွာသားများ သာ၍ သာ၍စိုးရိမ်ကြသည်။
ချင်းပုံကား သူရဲကောင်းဟန်ပန်နှင့် ဘိုးစစ်တပ်ကို အတွင်းကြောင်း လက်ဆောင် ဘဏ္ဍာဆက်သခါ
အသားထဲကလောက်ထွက်နိုင်ခဲ့ပါတကား။
စိုးမဲကျီကမ်းခြေတွင် အိမ်သူသက်ထားများကို လျှို့ဝှတ်ထားပြီး မိုးသီးနတ်တောင် လောင်းဒရိတ်      ကမ်းခြေသို့ မိမိနှင့်စိတ်တူကိုယ်တူ
သူရသတ္တိနှင့် စွန့်စားစိတ်သူများကိုတွေ့လိုတွေ့ ငြားကူးချီသန်းချီလုပ်နေသော တပ်မင်းကြီးကား မိုးသီးနတ်တောင်တွင် ရမ်းဗြဲမှကြေး၊ ရေ
တပ်ဦးဂေါင်းကြီးကို တွေ့လေပြီးမိတ် ကျွမ်းလည်း ဝင်ခဲ့ချေပြီ တိုးတိုးတိုင်ပင်သော်လည်းဖြစ်ခဲ့ချေ၏။ ထိုမျှသာမဟုတ်သေးပါ
ဒွါရာဝတီသံတွဲမှ တသုတ်ပြီးတသုတ် ခြေရာဖျောက် ရှောင်တိမ်းလာသော အကျော် သော်ဒလီ၊ သော်ဒလီဘခင်၊ ဦးထွန်းအောင်ရှိ၊
ဦးမောင်ဘုရှေတို့ပါ ဦးဂေါင်းကြီးမှတဆင့် ကောင်းကောင်းသိခဲ့ကျွမ်းခဲ့ပြီးဖြစ်သည်။
ချင်းပုံဖျက်၍ပျက်သွားသော လောင်းဒရိတ်မှပြောင်းလာသူ ရမ်းဗြဲဇာတိ ဦးမောင်ဝေ၊ ဦးကျွန်းဦး၊ ဦးအောင်ဇံတို့နှင့်ပါ
လျှို့ဝှက်ဆွေးနွေးဖေါ်ပြလေသည်။
သို့သော်တပ်မင်းကြီးအား  အတက်လာဆုံးကားမိမိဇာတိမာန်အောင်မှ ရောင်းရင်းသူငယ်ချင်းများ ဖြစ်ကြသူ ရွာစားသဲဦး
ဦးပေါက်ဆိန်နှင့်ကြာထွန်းဦးတို့ စိုးမဲကျီကမ်းခြေသို့ တိမ်းချောင်လာရကား၊ ပထမဆုံးတွေ့ဆုံသောညမှာ ရှေးဖြစ်
ဟောင်းအောင့်မေ့ဖွယ်ရှောင်ခွာခဲ့ပြီး အဖြစ်ဆိုးများကိုသူတို့တတွေထံမှကြားရ၊ စိတ်မ ကောင်းဖြစ်ရသည်။
ကိုယ့်ရပ်ကိုယ့်မြေပြန်ချင်လှပါဘိနှင့် အားမနိုင်ခဲမရဖြစ်ရသည် လည်းတဒုက္ခ။
တပ်မင်းကြီးမှတဆင့် ရွာစားတို့လူသိုက်လည်း အဆုံးအစမထင် သောင် ပင်လယ်ပြင်အကြောင်း ပေါ်တူဂီဒါးပြတွေအကြောင်း
ပင်လယ်၏၊ အနောက် စူးစူးမှာနေချင်စဖွယ် ကျွန်းညိုများအကြောင်းကြားရပြီးသည်တွင် တပ်မင်းကြီးခံစား နေရသော
ပင်လယ်ထဲပြင်သစ်၊ ရွာသစ်ထူထောင်လိုစိတ်မျိုး တဖွားဖွားဖြစ်လာ ကြရပါသည်။

ဗိုလ်ချင်းပျံ၏မကောင်းဆိုးဝါးသတင်းကား ရခိုင်ပြည်လုံး နှံ့စပ်လျှက်ရှိတော့သည်။ တံငါ လုပ်ငန်းနှင့် ရခိုင်ပြည်တောင်ပိုင်း မြောက်ပိုင်းရေလမ်းခရီးတို့ဆုံရာ မိုးသီးနတ်တောင်ရွာ ကလေးတနေ့နေ့တော့ တနေ့နေ့မလွဲကေန်ချင်းပျံဂိုဏ်းသားများ ထုံးလိုချေ၊ ရေလိုနှောက်တော့မည်ဖြစ်နေသည်။ သံတွဲ၊ မာန်အောင်၊ ရမ်းဗြဲတို့မှ အသက်တ ချောင်းမဆုံးစေလို၍ မွန်မြတ်လှသောသမီးကညာများကို မဆက်သလို၍စွန့်စား ထွက်ခွာလာခဲ့သူများကား ယခုတဖန်မိုးသီးနတ်တောင်ရွာ၌ ချင်းပျံလက်ကျခါမှ အရှုံးခံရတော့မည်လော့၊ မဖြစ်နိုင်သည့်အရေးပင်၊ သို့သော်ရွာအပျက်မှာ အပွကြံလိုသူ ရပ်ထဲရွာထဲ သစ္စာမဲ့သူများက ချင်းပျံနှင့် အတွင်းရေးဆက်စပ်သည့် သတင်းများ ကြားသိရပြန်သည်တွင် ချင်းပျံအားအနိုင်မခံအရှုံးမပေး စွမ်းစွမ်းတမံခုခံလိုစိတ်များထက် ဤမိုးသီးနတ်တောင်မှာအခြေမလှတော့မည်ကို တွေးမြင်ရသည်ကား၊ တရိရိနှင့် တပ်မင်းကြီးစခန်းချရာ စိုးမဲကျီဆိပ်ကမ်းသို့ ရှောင်ထွက်လာကြသည်။

သို့သော်စစ်ပြေးများနှင့် စည်ကားလာသော ဖရုံကာကျွန်း စိုးမဲကျီကမ်း ခြေကား ချင်းပျံ ရန်မှ ထာဝစဉ် လွတ်နိုင်ပေတော့မည်လော။

တပ်မင်းကြီးကားဤအရေးကိုကြိုတင်တွက်ချက်ပြီးဖြစ်သည်။ ငြိမ်းချမ်းစွာလုပ်ကိုင်စားသောက်မှု၊ ဘာသာ ကိုးကွယ်မှု ဘုရားကျောင်း ဝတ်ပြုမှု တို့သည် ဤခေတ်ပျက်တွင် စိုးမဲကျီကမ်းအပါအဝင် ရခိုင်တပြည်လုံးဖြစ်နိုင်တော့၍ တံငါသည်များမှတဆင့် ဗဟုသုတရရှိခဲ့သော ပင်လယ်ပြင်အနောက်စူးစူးကျွန်းညိုများသို့ နယ်သစ်မြေသစ် ထူထောင်လိုစိတ်သည်သာ တနေ့ထက်တနေ့ပြင်းပြလာလိုစိတ်ကား စိုးမဲကျီကမ်း၌စုရုံးမိသမျှ သံတွဲမှဦးထွန်းအောင်ရှိ၊ မောင်ဘုရှေ၊ အကျော်သော်ဒလီ၊ အဘရွှေလုံးသော်လီ၊ ရမ်းဗြဲမှဦးဂေါင်းကြီး၊ မောင်ဝေ၊ ဦးကွမ်းဦး၊  ဦးအောင်ဇံမိမိဇာတိ မာန်အောင်ရွာစား သံဦးပေါက်ဆိန် ကြာထွန်းဦးစသူတို့နှင့်အသေးစိတ်နှီးနှောတိုင်ပင်ခါ လိုက်ပါလိုသမျှ ရက္ခန်း၊ တံငါ၊  အရောင်းအဝယ်မရွေးအိမ်ခြေပေါင်း ၁၂၀–ကျော်၊ လှေ ပေါင်း၅၀–နှင့်မိုးအကုန် ဆောင်းအကူးပေါ်တူဂီ ခါးပြရန်နည်းပါးချန်ဝယ် ပင်လယ်ပြင်သို့ စွန့်စားထွက်ခွာရန် ဆုံးဖြတ်ခဲ့လေသည်း။

ထိုညမှာအစကဖေါ်ပြခဲ့သော ၁၁၄၆–ခုတန်းဆောင်မုန်းလပြည့်ကျော် ၉–ရက်ညဖြစ်သည်။ တလောကလုံး မှောင်မဲနေသည့်ကြားက ကလေးသူငယ်အိမ်ထောင်စု ၁၂၀–ကျော်တို့ လှေ၅၀–ဖြင့်အဆုံးမမြင်သောရေအဏ္ဏပင် လယ်ပြင်သို့ ရွက်ကုန်ဖွင့် ခဲ့ကြသည်တကား။

အလွန်ကြီးမားသော လှိုင်းလုံးကြီးများရိုက်ပုတ်ခြင်းနှင့်ဆူညံမင်းမှုသည့်ကြားမှ လှေ၅၀–စွန့်စားထွက်ခဲ့ကြ သည်တွင် ၁၁–ရက်မြောက်သို့နေ့၌ မှိုင်းညို့ညို့ကျွန်းကလေး တခုကိုမိုးသားတိမ်လိပ်အောက်တွင်ရေးရေးမြင်ကြ ရတော့သည်။

သွေးချောင်းစီး ဆိုးရွားပျက်စီးနေသောဌာနီ ရခိုင်ပြည်မှစွန့်စားရေးစိတ် ဓာတ်ဖြင့် ကြောက်မက်ဖွယ်ရာ လှိုင်းတပိုးကြားကူးခပ်လာသည်မှာ ယနေ့ပါဆိုလျှင် ၁၁–ရက်မြောက်ခဲ့ပြီ၊ ညမှောင်ထဲကမ်းမမြင်လမ်းမမြင် ဘာကိုမျှလည်းမမြင် ကလေးငယ်များငိုကြွေး၊ လှိုင်းမူး အော့အံနှင် စိတ်ပျက်ခဲ့ရသရွေ့ မှိုင်းညို့ညို့ကျွန်းကိုမြင်ကြ ရသောအခါ ဝမ်းမြောက်ရွှင်လန်းခြင်းဘယ်မျှထိဖြစ်ချမ့်မည်နည်း၊ အားတက်သရော ရှိခြင်း။ ပျော်ရွှင်ခြင်းများမျက်နှာဖြင့်တဖြည်း ဖြည်းနီးကပ်လာသောကျွန်းညိုကိုအားလုံ လှေမှထွက်ခဲ့ကြသည်။ တယောက်တပေါက်ဝမ်းသာအားရပြောကြဆိုကြဝမ်း သာကြ ဝမ်းသာကြသည်ပင်။

တဝုံးဝုံးတိုက်ခတ်နေသောလှိုင်းတံပိုးကြားမှကျွန်းညိုသို့ဆိုက်ကပ်ရေးမှာအ တော်ခက်ခဲနေပြီ၊ သို့သော်အဆိုပါ လှေငယ်ငါးဆယ်စုကား နာကျဉ်းဘွယ်ရာလော ကဓံတရားများကို ရင်ဆိုင်ခဲ့ကြရပြီဖြစ်၍ ပင်လယ်ထဲ ရွက်ကုန်ဖွင့်ခဲ့သည်မှာ ထို(၁၁) ရက်မြောက်နေ့တွင် ထိုကျွန်းသို့ဆိပ်ကပ်ကြလေသတည်း။

ရဂုံသာမောမြို့သည်တောသည် ဂနိုင်ဟေမ ထိုကျွန်းညိုလှ၍ကား သစ်ကျား၊ ဆင်တွေပေါသည်မှအပ လူသူလေးပါးလုံးဝမရှိ။ ဆုံးစမမြင်သော ပင်လယ်ပြင် တွင် လွှပ်ထီးခေါင်ခေါင်ကျွန်းဆောင်တခုပင်ဖြစ်တော့သည် ကျွန်းမှာတိက်ဆိပ်ငြိမ် သက်လှ၏။

မင်းနေမြို့တော်နှင့် နန်းတော်တဝိုက်၌ လက်ဆောင်ပဏ္ဏာနှင့် သမီးကညာ ဆက်သနိုင်မှ ငြိမ်းချမ်းရေးရသည်နှင့် လုံးဝမတူသော ဆိပ်ငြိမ်၍ငြိမ်းချမ်သာယာမှုကို တပ်မင်းတို့တွေ့ထိရသည်။

ရာသက်ပန်ရိုးမြေကျ ရွယ်ကိုး၍ ကြင်ဖေါ်ကြင်ဘက်အဖြစ် ရွေးချယ်ပေါင်းသင်း လာခဲ့သော ချစ်ဇနီးသည်နှင့် လက်တွဲခါမသေ၍ ရောက်ရှိလာသော ကျွန်းညိုကိုတပ်မင်း ကြီး လှည့်ပတ်ကြည့်ရှုမိသည်။

စိုးမဲကျီကမ်းတွင် ပုန်းဝှက်နေခဲ့စဉ်က ချင်းပျံရန်ကို ထိုအချိန် စိုးကြောက်နေခဲ့ စဉ်က အပြောကျယ်စွာသော လှိုင်းတံပိုးကြားထဲ ထိုးဖောက်ရွက်ကုန်ဖွင့်ခဲ့စဉ်က အိမ်သူသက်ထား ချစ်မယားနှင့်သားငယ်သမီးငယ်များအတွက် ရင်လေးတွေး မိခဲ့သရွေ့ ယခုတော့ ချစ်ပင်ပျိုး၍ချစ်မိုးစွေနိုင်ပေပြီ။

ဇနီးသည်မှာလည်း တပ်မင်းနှင့်စိတ်ချင်းတူမှု အသွင်တူမှုကြောင့် ယေင်နောက် ဆံထုံးပါခဲ့ရသည်သာမက ယခုလိုနယ်သစ်၊ ပြည်သစ်၊ ကျွန်းသစ်သို့ ရောက်ရှိရာတွင် လည်း လင်သည်ယောကျ်ားနှင့် ကူနိုင်သည့်ဘက်ကနေ၍ ကျွန်းကိုတဖြည်းဖြည်း ခုတ်ထွင်ရှင်းလင်းလာခဲ့ပေသည်။

ကျွန်းမှာလူသူမရှိ၍ ရိုင်းစိုင်းသောကျွန်းကလေးတကျွန်းဖြစ်သည်။ သားရဲတိ ရိစ္ဆာန်များနှင့်ပြည့်နှက်နေသည်။ မာန်အောင်ကျွန်းကဲ့သို့ပင် ပင်လယ်ထဲရှုခင်းသာယာ လှသည်။

လှေ၅၀–နှင့် ရောက်ရှိမိကြသော အိမ်ထောင်သည်ပေါင်း၁၂၀–ကျော်ကား ဘဝရှင်နေနိုင်ရေးအတွက်
ထိုကျွန်းကိုခုတ်ထွင်ရှင်းလင်းပစ်ကြသည်။ သားရဲတိရိစ္ဆာန် များကို ပါလာသောလက်ကဓါးလှံများနှင့် သုတ်သင်ပစ်ကြသည်။
စားသောက်ရေ အတွက် ဓါးမဦးချစတင်လုပ်ကိုင်ကြသည်။ နေထိုင်ရေးအတွက်အိမ်ယာ တဲများဆောက် လုပ်ကြသည်။

ကျွန်းရိုင်းကို ယဉ်ကျေးအောင်ယောကျ်ားမိန်းမ မရွေးရှင်းလင်းပြင်ဆင်ခဲ့ရာ၌ အခက်အခဲများစွာ တွေ့ကြုံကြရသည်။ သို့သော်
ရေအဏ္ဏဝါပင်လယ်ပြင်လှိုင်း လေထဲနှင့်တကွ၊ အခါပျက် ဥာနီပျက်များတွင် ဒုက္ခဗရသုက္ခဆိုးများကို ရင်ဆိုင်ခံခဲ့ကြ ရပြီးဖြစ်၍
ထုသားပေသားကျနေကြပေပြီ။

အနှောက်အယှက်အခက်အခဲများဟူသရွေ့ကို ကျော်လွှားလာခဲ့ကြပြီးသည်
နောက်တွင်ကား ထိုကျွန်းမှာ နေချင်စဖွယ် တောင်ကမူ၊ တောတန်း၊ စိမ်းလန်းသော လယ်ပြင်၊ ယာတောများ၊ မြက်တောများ၊
တံငါလုပ်ငန်းရပ်ကွက်များ
နှင့် အသက်ဝင်လှုပ်ရှားစိုပြေနေတော့သည်။
သို့သော်ကျွန်းသဘာဝဖြိုဖျက်ကြရာတွင်အစဆုံးတိုင်အောင်နိုင်သည်ကားမရှိ၊ ကျား ရိုင်း၊ ဆင်ရိုင်း၊ သားရဲတိရိစ္ဆာန်များကို
ရင်ဆိုင်နိုင်သရွေ့ လယ်စပါးစိုက်ပျိုးမှုတွင် လယ်ကြွက်များကြောင့် မအောင်မြင်ကြ၊ လုပ်ကိုင်သရွေ့ ကြွက်များက ဖျက်ဆီးကြ
သည်။ ကြွက်ရန်ကြောင့် တပ်မင်းကြီးအကျော် သော်ဒလီစသော ခေါင်းဆောင်များ ခေါင်းကိုက်ကြရတော့သည်။
နည်းမျိုးစုံနှင့်ဖြိုဖျက်သော်လည်းကြွက်ရန်နည်းပါးသ်ညဟူ၍မရှိ။
ဝတ်စားဆင်ယင်မှုအတွက် တောရိုင်းထဲမှပိုးမကြီးအိမ်များကိုဖျက်၍ချဉ်ငင်ကြသည်။ ပါလာသော ရက္ကန်းသမားများက
ကြံဖန်ထိုးထွင်လုပ်ကိုင်ကြသည်။ ထိုကျွန်းကား အိန္ဒိယသမုဒ္ဒရာထဲရှိ ဂန့်ဒရုံကျွန်းပင်တည်း။

မိုးဃ်ဒုပ္ပိ
နေသည်ပူပြင်းစွာတောက်ပနေ၏၊ ရွက်ဟောင်းလေလွင့်ရွက်သစ်ပွင့်ကြပြီ ပင်လယ်ပြင် တခုလုံးမှာ မြသားပကတိတည်ငြိမ်လျှက်ရှိ၏၊
ဂန့်ဒရုံကျွန်း ကမ်းနဖူးမှအုန်းပင်များကား လေယူရာတိမ်းယိမ်းညွတ်လျှက်ရှိကြသည်။ တကျွန်းလုံး တိတ်ဆိပ်ငြိမ်သက်နေလျှက်။
လုပ်ခင်းဆောင်တာများတွင်လည်းလူသူကင်းမဲ့လျှက်။ သမင်၊ ဒရယ်ဂျီယယ်စိုင်ဆတ် တောသတ္တဝါတို့ပင်လျှင်
ပူအိုက်သောရာသီမို့တောရိပ်ခိုနေကြသည့်ဟန် ဂျီဟောက်သံ၊ သမင်အော်သံများ မကြားရ ပင်လယ်ရေပြင်ထဲမှဂန့်ဒရုံကျွန်းကားသူရိယ
နေမင်း အောက်လုံးဝတိတ်ဆိပ်ငြိမ်သက်နေဘိသည်။

အမှန်စင်စစ် ဦးဂေါင်းကြီး။ တပ်မင်းကြီး။ အကျော်သော်ဒလီတို့ဦးဆောင်လာ ရောက်ခုတ်ထွင်ရှင်းလင်းနေထိုင်ကြသော
အဆိုပါဂန့်ဒရုံကျွန်းမှာ မည်သည့် ရခိုင်အမျိုး သားများမရှိကြတော့။

သောကြာရေကြောင်း မသွားကောင်းဟူ၍၄င်း၊ ဆန်းတရက်ဆုတ်တရက်
ရှောင်ဟူ၍၄င်း။ ရာဇဌာနီ မင်းနေပြည်မြို့တော်မှာ တပေါင်းလပွဲတော် တိုင်းချိမ့်ချိမ့် ညံစည်ကားစွာကျင်းပသရွေ့ ၁၁၄၇–
ခုတပေါင်းလပွဲတော်ချိန်ဝယ် နောင်၅–ရက်တွင်တကျွန်းလုံးခရီးထွက်ရမည့်အရေးနှင့်ပါတ်သက်၍ အစစအရာရာ လိုလေသေး မရှိအောင်
ပြင်ဆင်ကြရပေသည်။

မိုးသားတိမ်လိပ်များကင်းစင်၍ကြည်လင်ပြာညိုသော ကောင်းကင်၌ဖိုးလမင်း
သည် ကြယ်တာရာများခြံရံလျှက် ရင်တိဇာပိုင်လဲမသိ တမျိုးကြီးငါနီမကောင်း ဒေလောက်တပိုင်း အစွမ်းကုန် တောက်ပလျှက်ရှိသည်။
လမင်း၏ ငွေရောင်အောက်တွင် ဂန့်ဒရုံတကျွန်းလုံး ထိန်ထိန်လင်းနေသည်။ အုန်းပင်အောက်များမှာ ကလေးများ ထုပ်ဆီးတန်း
ကစားနေကြသည်။ ကိုရွှေတံငါများလည်းး လုပ်ငန်းသိမ်းသောအနေနှင့် ပိုက်ကွန်များ ရုပ်သိမ်းထားပြီးဖြစ်ကြသည်။

တောင်ကမူထိပ်တခုသို့ လေးပင်တိုင်အိမ် လေသာပြတင်းဝမှ တပ်မင်းကတော်သည် မိုးကောင်းကင် လမင်းကို
ငေးမျှော်ကြည့်လိုက်သည်။ ရိုးရာယဉ်ကျေးမှုအရ နွေရာသီပင် ဖြစ်လင့်ကစား ပါးလွှာသော လက်ယက်ခြုံထည်ကို လည်ပင်းမှနေ၍
ရစ်ပတ်ထားပြီးအခါ လည်ကလေးကိုပွေ့ချီလျှက် နို့တိုက်နေသည်။

အတိက်ကလင်သည် တပ်မင်းကြီးနှင့် သာတောင့်သာယာ မာန်အောင် ကျွန်းမှာ ယခုတပေါင်းလပွဲတော်ချိန်ဝယ်
ပွဲတချိမ့်ချိမ့်ရုပ်သေးစင် တလွှင်လွှင် နှင့်ပျော်စံမြန်းခဲ့သည်ကို အတွေးနယ်ချဲ့နေရကာ ပြုံတင်းတိုင်ကိုမှီပြီး ဆေးရှည် သောက်ရင်း
ဤကျွန်းမှတဖန်ဘယ်သို့ဘယ်လိုခရီးသွားကြမည်ကိုတွက်တွက်ပြောပြ
နေသောလင်တော်မောင်စကားများကိုနားမဝင်မိ။

ထို့ကြောင့်လည်းဆုတ်၁–ရက်ကိုရှောင်၍ တပေါင်းလဆုပ်၂–ရက်နေ့တွင် စွန့် စားရေးစိတ်ဓာတ်ဖြင့် နယ်သစ်ပြည်သစ်
ထူထောင်သူများအားလုံး ဂန့်ဒရုံကျွန်းကို အပြီးတိုင် စွန့်ပစ်ခဲ့ကြလေသည်။

တပေါင်းလလေပြေညှင်းမှာ ရေအဏ္ဏဝါတွင် မှန်မှန်ကြီးတိုက်ခတ်နေ၏။ လှေ များမှာ ဘယ်ညာလူးလိမ့်ခြင်းမရှိဘဲ
အားကုန်ရွက်ကုန်အနာက်သို့ဦးတည်သွားနေ၏။ ညအချိန်များတွင်ရေပြင်မှာ လရောင်ကြောင့် စိမ်းလဲ့လဲ့တောက်ပနေ၏၊ လှေသမား
များကား သာစွလေသီချင်းတကျော်ကျော်နှင့်ပင်။

၃–ရက်မြောက်(၁၁၄၇–ခု)တပေါင်းလဆုတ်၅–ရက်နေ့ဂန့်ဒရုံကျွန်းထက်ကြီး သော ကျွန်းတကျွန်းသို့

ဆိုက်ရောက်ကြလေသတည်း။

နှစ်တွေဟောင်း၍ လတွေညောင်းခဲ့လေပြီ၊ ဂန့်ဒရံကျွန်းမှရခိုင် အမျိုးသား ရွာ သားအားလုံးစွန့်ခွာထွက်ခဲ့သော ၁၁၄၇–ခုနှစ်မှစ၍တဖြည်းဖြည်းနှင့်၇–နှစ်ကျော်၈–နှစ်သို့ပင်ရောက်ခဲ့ချေပြီ။

ရခိုင်ပြည်အနောက်ဘက်ဒေသ ဘူးသီးတောင်မြောက်ဘက် ပန်စွယ်စသော အိုဖြူဆယ်ဘက်တွင် ဘိုးတော်မင်းတရား၏ စစ်သည်တော်များသည် ပုဂံတော်ရွှေနန်း တော်မှ အမိန်းတော်ချမှတ်သည့်အတိုင်း ကတုပ်တာဝယ်အစောင်းအနေများ အထူးစီမံပြင်ဆင်ပြီးဖြစ်၍ နတ်မြစ်တခွင်၌ ကုလားဖြူစစ်တပ်နှင့် ဘိုးတော်စစ်သည် တပ်တို့ နှစ်ဘက် ရင်ဆိုင်တွေကြုံရတော့မည်နှယ်ဖြစ်သည်။

စစ်ကဲဗိုလ်မှူးဗိုလ်ချုပ်တို့မှာကဝရှင်ထံမှအမိန့်တော်ကိုနာခံရင်းစစ်တပြင်ပြင်ဖြစ်နေချိန်ပင်။

၁၁၅၅–ခုနှစ် ကဆုန်လကုလားဖြူရေတပ် ဗိုလ်ကလေးသည်အလွန် အံ့သြစွာ နှင့် မှန်ပြောင်းကို လက်ထဲ ဆုပ်ကိုင်ခါ ပင်လယ်ကမ်းသို့ စူးစိုက်ကြည့်လိုက်သည်။ အံ့သြခြင်းဖြင့် တဖန်စိုးရိမ်ခြင်းဖြစ်လာဟန်ဖြင့် နဖူးရေများ တွန့်သွားအောင် မျက်မှောင်ကုတ်လိုက်သေးသည် ခုနကငါမြင်ရတာဟုတ်မှဟုတ်ရင့်လားဟူ၍မယုံသင်္ကာစိတ်ဖြင့် မှန်ပြောင်းကို တဖန်သေသေချာချာကြည့်လိုက်ပြန်သည်။

ဟုတ်ပါသည်၊ ပင်လယ်ကမ်းစပ်ဘက်မှ ကျွန်းကြီးမှာမီးခိုးတလူလူတွေ လှုပ်လှုပ်ရှရှမြင်ရသည်။

နတ်မြစ်ဒေသ ဗမာစစ်သားများနှင့် အရေးမပေါ်မီ တပ်ဗိုလ်ကလေးမှာရေ အဏ္ဏပြင်တွင် ရွက်သင်္ဘောငယ်နှင့် ခေါက်တုံ့ခေါက်ပြန်ကင်းလှည့်နေခဲ့သည်။ ထိုရေပြင် သို့ရောက်ခဲ့တိုင်း အဝေးမှမြင်ရသောကျွန်းများကို လူရှိမရှိမှန်း ပြောင်းနှင့် အသေအချာကြည့်ခဲ့ပြီးကျွန်းများတွင်လူများမနေကြောင့်နှင့်အထက်သို့အစီရင်ခံခဲ့သည်ချည်းဖြစ်သည်။

ယခုတခေါက်အရေးကြီးချိန်တွင်မှ ပင်လယ်ကမ်းဘက်ကျွန်းကြီးတကျွန်း၌ မီးခိုးများလူများမြင်ရတော့၍ အလွန်အံ့သြနေခြင်းဖြစ်သည်။ ရန်သူဗမာစစ်သည်များ တက်ရောက်နေလေသလော စုံစမ်းရမည့်တာဝန်ရှိသည်။

ပဲ့နင်းအားကျွန်းတူရူးသို့ ခုတ်မောင်းရန်အမိန့်ပေးလိုက်သည်၊ ထိပ်ရွက်များ ဖြုတ်ချစေသည်။ နောက်ပါကုလားညိုစစ်သားများအား တိုက်ရေးအတွက်အသင့်ပြင် ရန်အမိန့်ပေးပြန်သည်။

ရွက်သင်္ဘောမှာ ကျွန်းသို့နီးသည်ထက်နီးလာသည် အနီးကပ်ဆုံးနေရာတွင် ကျောက်ဆူးချလိုက်တော့သည်။

ကမ်းနဖူးများတွင်ကား ဘုစုခရုများပါမကျန်တကျွန်းလုံးမှလူများအံ့သြခြင်းကြီးစွာဖြင့် အော်ဟစ်ပြေးလွှားကာ စုပြုံကြည့်နေကြသည်။ ကမ်းစပ်တွင်ချထားသော လှေများနှင့်လည်း သင်္ဘောသို့မလာကြ။ ရန်သူ့လေးသည်နောက်ပါကုလားညိုစစ် တပ်စုတစုနှင့် လှေငယ်တစင်းချခါ ကူးခပ်သွားတော့၏။

ကုလားညိုစစ်သားတဦးမှ တဆင့် ကုလားဘာသာဖြင့်အာဏာပိုင် သံတွဲသီး ထွန်းအောင်ရီနှင့် ကုလားဖြူရေတပ်ဗိုလ်တို့စကားလက်ဆုံကျကြလေသတည်း။

ကျွန်တော်တို့ဒီကျွန်းကိုရောက်တဲ့နှစ်ဟာ ၁၁၄၇–ခုတပေါင်းလဆိုတော့ ဒီနှစ်ပါဆိုရင် ၈–နှစ်ရှိပါပြီ ကျွန်တော်အားလုံးဟာ မြောက်ဦးမြို့တည် ဓညဝတီ ရခိုင်ပြည်ကပါဘဲ။ ကျွန်တော်တို့တိုင်းပြည်ဟာပျက်စီးနေပါတယ်။ တဦးကိုတဦး သတ်ကြ၊ ဖြတ်ကြ၊ လုကြ၊ ရွာတွေမီးရှို့ကြနှင့် သွေးချောင်းစီးပျက်နေပါတယ် ခါးပြဗိုလ် ကြီးချင်းပုံ တဦးကလည်း တောမီးလောင်တဲ့အထဲ ဝင်ရောက်တိုက်ခိုက်ပါသေးတယ်။ ဘိုးတော်ဘုရားစစ်တပ်ကြီးကလည်း အခါပျက်မှာ ဒလကြမ်းဝင်ရောက် သိမ်းပိုက်လာ တော့ အို–– တတိုင်းပြည်လုံး အပျက်ကြီးပျက်ခဲ့ရပါတယ်။ ။

ဒီလိုခေတ်ပျက်ထဲမှာ မသေချင် အတင်စားမခံချင်တဲ့ ကျွန်တော်တစုဟာ လျှို့ဝှတ်တွေ့ဆုံဆွေးနွေးကြပြီး ပင်လယ်ထဲ စွန့်စားထွက်ခွာခဲ့ကြပါတယ်။ ပေါ်တူဂီကု လားဖြူတို့ဟာ ပင်လယ်မှာဓားပြတိုက်ခိုက်ကြတယ်ဆိုလို့ သူတို့တတွေ အသွား အလာနည်းပါးတဲ့ မိုးအကုန်ဆောင်းအကူး လှိုင်းကြီးလေကြီးထဲစွန့်စားထွက်ခဲ့ခြင်းပါ ဘဲ။။

ဒီကျွန်းမှအရှေ့မြောက်ဘက် ၃–ရက်အကြာမှာရှိတဲ့ ဂန့်ဒရံကျွန်းသို့ ကျွန်တော်တို့မသေမပျောက် ရောက်ခဲ့ကြပါတယ်။ ကျွန်းကိုကျွန်တော်တို့တက်သရွေ့ နိုင်သရွေ့ခုတ်ထွင်ရှင်းလင်းပြီး ထွန်ယက်စားသောက်ခဲ့ကြပါတယ်။ ဒါပေမဲ့ကျွန်းမှာရှိတဲ့ ကျားတို့၊ ဆင်တို့စတဲ့ သားရဲတွေကိုနိုင်သရွေ့ ဆိုးရွားတဲ့ကြွက်များရန်ကို မနိုင်ကြပါ ။ ကျွန်တော်တို့အပင်ပန်းခံလုပ်သမျှ ရိက္ခာကြပ်တည်းမှုခံရပါတယ်။ ဒါပေမဲ့ ကြာလေ ခက်လေဖြစ်ရချေရဲ့ဆိုပြီး ထိုကျွန်းကို အပြီးတိုင်စွန့်ခဲ့ပါတယ်။

ခုကျွန်းဟာကြီးလေးကြီးတယ် ဟိုကျွန်းလိုကျားရဲသားရဲတွေမပေါပါဘူး။ ဒါပေမဲ့ မိကျောင်းနှင့်ရေသတ္တဝါများအလွန်ပေါပါတယ်။ မိုးတွင်းကာလဆိုရင် ဟိုကျွန်းထက်မိုးအားကြီးရွာသွန်းလို့ ဒီကျွန်းကို ခမိုဃ်းဒုပ္ပိခ လို့ အမည်ပေးထားပါတယ်။။

ကျွန်တော်တို့ရောက်စကဆိုရင် ခုဗိုလ်မင်းမြင်ရသလို အိမ်တွေ၊ လမ်းတွေ၊ ရွာတွေ၊ ကျွဲတွေ၊ နွားတွေနဲ့ ဘယ်ဟုတ်ပါမလဲ။ တောကြီးခေါင်ခေါင်ပါဘဲ အဲဒီစိမ့်ကြီးမြိုင်ကြီး တောကြီးဂနိုင်ကြီးတွေကို ကျွန်တော်တို့မှာပါတဲ့ ဓါးများနှင့် ခုတ်ထွင်ရှင်းလင်းပြီး ခုလိုရပ်ရွာတည်ထောင်ခဲ့ခြင်းဖြစ်ပါတယ်။

စားရေးသောက်ရေးအတွက်တော့ အစကဆိုရင် သစ်သား ဒုတ်ကောက်များ နှင့် မြေကြီးကိုကုတ်ကုတ်ချစ်ပြီး

စပါးစိုက်ပျိုးကြပါတယ်။ ဒါကိုကျွန်တာ်တို့ အခေါ်အဝေါ်ဖြင့် (ကုတ်ကျားလို့ခေါ်ပါတယ်။ ကုတ်ကျား မြေကွတ်မှရသရွေ့ စပါးများနှင့် နေထိုင်ခဲ့ခြင်းပါဘဲ။ ဒီလိုစိုက်ပျိုးတဲ့အခါ ထိုဂန့်ဒရုံကျွန်းထက် ဒီကျွန်းက စိုက်ပျိုးလို့ အောင်ပါတယ်။ မြေဩ ဇာ အန်မတန်ကောင်းတဲ့ ကျွန်းပါဘဲ။

နောက်တော့ ကျွန်တော်တို့အားလုံးကြံဆပြီး တောရိုင်း၊ ကျွန်းရိုင်း၊ ကျွဲရိုင်းတွေကို န္တေကြိုးကွင်းထောင်ပြီး ဖမ်းကြပါတယ်။ နွယ်ကြိုးထဲမိတဲ့ ကျွဲရိုင်း နွားရိုင်းတွေကို ရက်ရှည်လများ အစာမပေးဘဲထား၊ သေတော့မလို ဖြစ်ပြီးမှ နှာ ခေါင်းဖေါက် နှာဖါးကြိုးတပ် လယ်ထွန်ကြပါတယ်။ ဒီလိုကျွဲနွားနဲ့ထွန်တဲ့ လယ် ကွက်တွေကို အဘာဒီလယ်ကွက်လို့ခေါ်ပါတယ်။

ခုတော့ကျွန်းမှာ ရပ်ရွာတွေအစီအရီနှင့် ဖြစ်လေတော့ ကျွန်တော့ကိုဘဲ အားလုံးက သာရေးနာရေးမှာ အကြီးအကဲအုပ်ချုပ်ရေးတာဝန်ပေးထားကြပါတယ်။ ကျွန်တော်ဟာ ကျွန်းအာဏာပိုင် ကျွန်းပြုစုကောင်းဆိုပါတော့ ဗိုလ်မင်း။

ရင်ကာဗလီ

မိုဃ်းဒုပ္ပီကား သာတောင့်သာယာ နေချင့်စဖွယ်ဖြစ်လာပေပြီ။ ပင်လယ်ပြင် တွင် တည်ရှိနေ၍လည်း လေညှင်းတသုံသုံ ငွေနှင်းမှုံမှုံနှင့် ကြည်လင်သော ဟာဒယကို ပေးဆောင်နိုင်ပေသည်။ ကုလားဖြူများ မကြာမကြာလာရောက် လည်ပတ်ခါ အဝတ်အထည်များ၊ ရိက္ခာများ၊ နည်းပေးလမ်းပြများ၊ ပြုပြင်ပေး၍လည်း ရခိုင်တို့ တထွေ တဟုန်ထိုး ထိုးတက်လာခဲ့ကြပေပြီ။

အလွန်စိုပြေသာယာသောမိုးဒုပ္ပီကျွန်း

ဦးမောင်ဝေ၊ ဦးဝေါင်းကြီးတို့ကား သန်မာသောယောကျာ်း ရင့်မာကြီးများ ဖြစ်လင့်ကစား ယောင်တစောင်းများကို အားပါတရထုံးပြီး ပုဆိုးတောင်ရှည်ကို တင်း ကျပ်စွာခါးတောင်းကျိုက်ပြီး တက်ကြွသောမျက်နှာနှင့် လှေပေါ်သွားကနဲ တက်ကြ လေသည်။

ကမ်းနပူးမှလူသိုက်ကြီးကလည်း အားပေးအားမြှောက်ကြွေးကြော်ကြ၏။

အားလုံးအသင့်ဖြစ်သည်နှင့်တပြိုင်နက် ဧည့ဝတီရွှေခိုင်ပြည်သို့ ဦးတည်ရွက် ဖွင့်ကြ၏ နေရင်းဌာနီမှ စွန့်စားထွက်ခဲ့ကြရသည့် မိုဃ်းဒုပ္ပီ ကျွန်းသစ် တည်ဆောက်ရေး ထိကြုံတွေ့ခဲ့ရသော ဘဝအဖြစ်အပျက်များ စွန့်စားအောင်မြင်မှုများကို ရခိုင်ပြည်သို့ သတင်းပေးရင်း ဟိုမှဖက်ပျက်စီးဆိုးရွားတုန်းဘဲလား။ ရောင်းရင်းများနှင့် ဆွေမျိုးညာ တကာများကော ကပ်ကြီးသုံးပါးမှလွတ်ပါလေစ။ သတင်းလည်းမေးလိုရေးအတွက် ဤလူတစုရခိုင်ပြည်သို့ ခေတ္တပြန်ခဲ့ကြ၏

တို့လူများလိုရာခရီးဘေးမထိရန်မခ ဆိုကြပါစေကြောင်းနှင့် ကျွန်းပေါ်က ကျန်လူများ ကမ်းညွတ်တမျှ ဆုမွန်ကောင်းတောင်းကြလေသတည်း။

မြေကြီးမှရွှေသီးလာပေပြီ ဝင်းဝါသောစပါးနှံများကိုကြည့်ခါ တပ်မင်းကြီး မနေ သာပီတိဖြစ်နေသည်။ ရွှေရောင်တောက်နေသောစပါးပင်များမှာ လေယူရာတိမ်း ယိမ်းနွဲ့ နေကြသည်။ ကုလာဖြူရေကြောင်းတပ် ဗိုလ်ကလေးလာရောက်ဆက်စပ်မှုမှစ၍ မိုဃ်းဒုပ္ပီ ကျွန်းသူကျွန်းသားများ၏ လယ်ယာစိုက်ပျိုးရေးမှာ တိုးတက်ခဲ့ပေပြီ၊ ယ ခင်ကကဲ့သို့ စားသောက်ရေးရိက္ခာဖုံလုံရေးမျှသာမဟုတ်သေး အနောက်ပြည်သို့ တင်ပို့ ရောင်းချရေးကြီးထွား လာခြင်းဖြစ်ပေတော့သည်။

ကျွန်း၏မြေဩဇာကလည်းထက်သန် ရခိုင်ပြည်မှာကဲ့သို့အလုအယက် အ နှောက်အယှက်လည်းလုံးဝကင်းမဲ့၊ လုပ်ကိုင်သူများကလည်း အစွမ်းကုန်ကြိုး စားကြနှင့် မြေကြီးမှရွှေသီးတော့ခြင်းဖြစ်ပေသည်။ လမ်းမမြင်ရေအဏ္ဏဝါလှိုင်းပြင်တွင် ကြုံခဲ့ရသည့်ဒုက္ခများနှင့် ယခုငြိမ်းချမ်းသာယာလှ သည့် ဘဝတာများကို တပ်မင်းကြီးသည် ကျွန်းကမ်းနပူးသဲသောင်ပြင်မှနေ၍ အဆုံးအစ မပြင်သော ရေပင်လယ်ပြင်ကိုမျက်နှာမူ တွေးမြင်နေမိသည်။

ထိုနေ့မှာ သာယာသောညနေစောင်းဖြစ်၍ မိုဃ်းကောင်းကင်တွင် တိမ်နီ၊ တိမ်ဝါ၊ တိမ်ရွှေပြာများ ယှက်သန်းနေသည်။ နေသည်ပင်လယ်ထဲသို့ ဝင်လုလုဖြစ် ၍လည်း ရေပြင်တခုလုံးနီရဲနေသည်။

တပ်မင်းကြီး၏စိတ်အာရုံအမြင်တွင် လွန်လေခဲ့သော မာန်အောင်ကျွန်းဒေသ မင်းမဲ့တိုင်းပြည်သူခိုးဓါးပြ လုကြ၊ ခိုက်ကြ၊ သတ်ကြ၊ ဖြတ်ကြ၊ အရေးထဲ ဘိုးတော်မင်း၏တရုတ်ထိုး စစ်တပ်များ၏ဒလကြမ်းနှင့် အသားထဲက လောက်ကောင် ချင်းပုံ့ဆိုးဝါးယုတ်မာသောသတင်း၊ ဂန့်ဒရုံကျွန်း ကျွန်းသစ်တည်မှုများကို မျက်စိထဲ ရေးရေးမြင်မိသည်။

ပြုံးဆိုတပ်မင်းကြီးအံ့ဩ၍မဆုံးဖြစ်တော့သည်။ ဟုတ်မှဟုတ်ပါလေစ၊ မျက်စေ့များကိုလက်နှင့်ပွတ်သတ် ကြည့်မိပြန်သည်။

တကယ်ပင်မြင်ရသောမြင်ကွင်းကား မမှားနိုင်တော့။ အတိက်ကဖြစ်ရပ်များကို ညနေစောင်းပင်လယ်သို့ မျက်နှာမူ တွေးတောအာရုံစိုက်နေရာမှ မှုံမှုံမွှားမွှားရွက်လှေတ ခုကို အလွန်ဝေးလှသောမိုဃ်းကောင်းကင်နှင့် ရေပြင်ထိရာအရပ်မှ မြင်ရခြင်းဖြစ်သည်။

အံ့ဩ၍မဆုံးတွေးတော၍လည်းမရ ပေါ်တူဂီရေကြောင်းဓါးပြများတွေလော။

ပင်လယ်ကမ်းစပ်များမှ ကျွန်းသူကျွန်းသားများတွေလည်း ပြေးလွှားစုပြုံခါ ဖြူဖွေးသောရွက်များကို လက်ညှိုးထိုး အော်ကြဟစ်ကြနှင့်တကျွန်းလုံးအံ့ဩ သည့်အမှု အရာ။

လေကလည်းမှန် အန္တရာယ်ကလည်း ကင်းဝေးတော့ ၇–ရက်မြောက်မှာ ကျွန်တော်တို့ဟာ ဆံတော်ရှင်ဘုရားကို မိုးကုပ်စက်ဝိုင်းကြားမှ မြင်ရတာဘဲ ကျွန်တော် တို့လဲ သတိဝိရိယနဲ့ပေ့ါ ဒီကစီစဉ်သွားတဲ့အတိုင်း တံငါးလှေများ ဟန်ဆောင်ပြီး စိုးမဲကျီဆိပ်ကမ်းကို နောက်တနေ့ညနေစောင်း ဆိုက်ကပ်ကြတာပါဘဲ။

ယောင်တစောင်း၍ ရစ်ပတ်ထားသော တဘက်ထည်ကိုဖြုတ်ပြီး လည်ပင်း ၌ပါတ်ခါ ထိုးမှင်ကြောင်များပေါ်သည်ထိ ပုဆိုးတောင်ရှည်ပင့်ပြီး တင်ပလွေထိုင်လျှက် ဦးမောင်ဝေသည် ရခိုင်သို့ပြန်ခဲ့သည်၌ တွေ့ခဲ့ကြုံခဲ့ရပုံများကို ကျွန်းသို့ပြန်ရောက်သော နောက်နေ့ညနေစောင်းတွင် တဆင့်ပြောနေသည်။

ဦးဂေါင်းကြီးက ကွမ်းရာစားရင်းအနီး၌ ထိုင်ခါတချီချီဝင်ဝင်ပြောနေ၏။

စိုးမဲကျီဟာ အရင်ကနဲ့မတူတော့ဘူး ကျွန်တော်တို့အားလုံး ထွက်ခဲ့တုန်း ကနဲ့လည်းမတူဘူး ရွာဆိပ်ပျက်နေတယ် ဓါးပြတွေခဏခဏတိုက်၊ ရွာမီးရှို့လူ တွေသတ်ဖြတ် ပစ္စည်းတွေလုနဲ့ အင်မတန်ဆိုးဝါးတော့ လူတွေလည်းအရပ်လေး မျက်နှာပြေးကြတာဘဲ ဓါးပြတွေဆိုတာလည်း ဘယ်သူရယ်လို့မဟုတ်တော့ဘူး တော်တဲ့ သူတွေက ထတိုက်နေကြတာဘဲ။

ဒီကြားထဲအုပ်ချုပ်ရေးဘက်ကလာလာ လယ်ခွန်၊ လူခွန် စစ်သားခွန် မိုဃ်းခွန်၊ ဆောင်းခွန်၊ နွေခွန် ကောက်ကြသေးတယ် မပေးနိုင်ရင်ချက်ချင်း နွားမြင်းဆွဲထုပ် သုဒ်သင်လိုက်တာဘဲ။

လယ်ပြင်တွေမှာလည်း လယ်လုပ်မဲ့သူမရှိ၊ တရွာမှတရွာသို့လည်း အကူးအသန်းမရှိကြ၊ အရောင်းအဝယ်လည်းပျက်နဲ့ လူတွေငတ်ကြ၊ သေကြတာပေါ့။

လယ်ပြင်တွေမှာလည်း လူမရှိကြတော့ စစ်သားတွေကလာလာပြီး စပါးရိပ် သိမ်းယူသွားကြတာဘဲတဲ့။

ဦးမောင်ဝေ၊ ဦးဂေါင်းကြီးတို့ မြင်ခဲ့တွေ့ခဲ့ရသော အနိဋ္ဌာရုံများကို ကြားသူ ကျွန်းသူကျွန်းသားများက သူတို့တထွေ တွေ့ကြုံခံစားခဲ့ရခြင်းများနှင့် နှိုင်းယှဉ် ကြည့်မိကြခါ ရခိုင်ပြည်ကြီးလူသတ်၊ လုယက် ပြေးလွှားသူခိုး ထားပြ များ ရက်စက်သတ်ဖြတ်နှင့် အပျက်ကြီးပျက်စီး ရက်စက် သွေးချောင်းစီးနေသည်ကို မျက်စေ့ထဲ ရေးရေးမြင်မိကြသည်။ ကျေးရွာများမှာ ယခင်ငြိမ်းချမ်းသောအခါ သမယက လိုစည်ကားဘို့ပင်ဝေးစွ။ ဆိတ်သုန်ခြောက်သွေးပြီး လူတို့မှာ ကျီးလန့်စာစား ဟိုကြောက်ဒီကြောက် ဟိုလန့်ဒီလန့်ရှိနေကြတော့မည်တကား။

ထိုအရေးများထက်ယခု မိုဃ်းဒုပ္ပိသို့အခတ်အခဲများကြားမှ ရုံးကနဲထွက်ခဲ့သူ များ၏ သံတွဲ၊ ရမ်းဗြဲ၊ မာန်အောင် ဒေသများတခွင်၌ ကျန်ရှိခဲ့ကြသော ဆွေမျိုးညာ တိကာ တူသားမောင်မယ်တို့၏ သတင်းများကား မစုံမလင် မတွေ့မရှိနှင့် တွေ့ခဲ့ပြန် တော့လည်း ကပ်ဆိုးအခါဆိုးမှာသေကြကြေကြ အသတ်ဖြတ် အနှိပ်စက်ခံကြရသည်  ချည်းဖြစ်၍ ကိုယ့်ရပ်ဇာတိသို့ မျှော်မှန်းကာလွမ်းဆွတ်ကြရလေသည်။

ထိုညဥ့်ကဦးမောင်ဝေကဦးဂေါင်းကြီးတို့တွေ့ခဲ့ကြုံခဲ့ရသောအဖြစ်ဆိုးများကိုနားမချမ်းမြေ့စရာကြားကြရသဖြင့် လူချင်းခွဲကာ ကိုယ်စီကိုယ်င ညအိပ်ရာဝင်ကြရာတွင် သုံးလူ့ထွဋ်ထား ရှင်တော်မြတ်ဘုရားအားရည်စူး၍ ကပ်သုံးပါးသတ်သုံးပါးမှ လွတ် မြောက်ရပါလို၏ ဟူ၍ ဆုတောင်းကြလေသည်။

နှစ်တွေပြောင်း၊ လတွေညောင်းတိုင်း မိုဃ်းဒုပ္ပိကားစည်ကားသည်ထက် စည်ကားလာလေသည်၊ ဦးမောင်ဝေတို့ ရခိုင်မှအပြန်တွင် အိမ်ခြေပေါင်း ငါးဆယ်ကျော် ပါလာခဲ့၍ လူဦးရေမှာလည်း ထပ်လောင်းတိုးပွားခဲ့၏။

မြေရိုင်းနေရိုင်းနှင့် ဆူးခြုံချောက်ကမ္ဘားများမကျန်ခုတ်ထွင်ညှိနှိုင်းရှင်းလင်းပစ် ခါ၊ လူနေရပ်ကွက်နှင့် ထွန်ယက်စိုက်ပျိုးရေးမြေများအဖြစ် အားသွန်လုပ်ဆောင်ကြ သည်။

ရခိုင်မှအသစ်ရောက်ရှိသော အိမ်ခြေငါးဆယ်တွင် ရက္ကန်းသမားကုန်သည်များ လယ်သမားများစသော အတန်းအစားများစုံညီပါရှိခဲ့ရကား၊ ကျွန်းမှာ အဖက်ဖက်မှ ပြည့်စုံသည်ထက် ပြည့်စုံတိုးတက်လာပေသည်။

အမှန်အားဖြင့် ကုလားဖြူများမှတဆင့် အိန္ဒိယတိုင်းပြည်ကြီးများနှင့် စပါးဆန် ရေ ရောင်းချမှု စီးပွါးရေးဆက်စပ်မိရကား မြေကြီးမှ ရွှေသီးနေသည်သာဖြစ်၏။

သံတွဲမြို့တွင်နေခဲ့စဉ်ကပင် အမြဲတမ်းထိုးထွင်ဉာဏ်နှင့် အခက်အခဲဟူသမျှ ရင်ဆိုင်ရန် ဝန်မလေးကြသော ရွှေလုံးသော်ဒလီနှင့် ဦးအောင်ရှေတို့နှစ်ဦးသည် ကျွန်းမိုဃ်းဒုပ္ပိမှတဆင့် နယ်သစ်မြေသစ်များ တိုးချဲ့ရှာဖွေလိုစိတ်များ ပြင်းပြသည်အ တိုင်း သာယာသောနေ့တနေ့တွင် ရေကြောင်းခရီးမှ ရွက်ကုန်လှေငှက်ကာ အနောက် မြောက်ဘက်သို့ ဆန်ခဲ့ကြ၏။

တသက်နှင့်တကိုယ်မှာ အကြီးကျယ်ဆုံးအံ့သြကြရပြန်သည်။ သူရဲကောင်းကြီး နှစ်ဦးအကြောင်း အားလျှော်စွာရောက်ရှိသွားသော စစ်တကောင်းကမ်းတလျှောက်တွင် ရခိုင်အမျိုးသားများစွာကို တွေ့ရှိကြခြင်းကြောင့်ဖြစ်၏။

ဘယ်ကစ၍ဘယ်အတွက်တာကြောင့် ဝေးလံသောရခိုင်ပြည်မှ ရခိုင်အမျိုး သားများ ဤဒေသသို့ရောက်ရှိ နေကြပါသနည်း။

ထိုရခိုင်အမျိုးသားများပြောဆိုချက်အရ ထိုဒေသများမှာဖလောင်းချိပ်၊ ပင်းဝါတို့ ဖြစ်ကြောင့်ဟု မှတ်သား ကြသည်။

မြောက်ဦးရွှေနန်းတော်၌ ရှင်ဘုရင်များအတည်တကျထီးနန်းစိုးစံခြင်း မရှိခဲ့လေ တိုင်း တိုင်းပြည်မှာ ပျက်စီးခြင်းနှင့်ကြုံခဲ့ရ၏။ ရှင်ဘုရင်ကိုသတ်သူ ရှင်ဘုရင်မှတ်ကြ ရမည့် ငါ့သဘောအောက်မှာ ရခိုင်ပြည်ပျက်ကား ကြုံခဲ့လေတိုင်း ရခိုင်အမျိုးသား များသည်အနောက်ဘက်ဒေသဖလောင်းချိပ်ပင်းဝါဘက်သို့ ပြောင်းနေကြသည်။

မင်းဖလောင်းမင်းဘာတို့လက်ထက် ဒက္ကါးမြို့ မင်းနယ်ပြည်ထိ ရခိုင်တို့ဘုန်း ချိန် ထွင်းတောက်ခဲ့တိုင်း ရခိုင်စစ်သည်တော်များနှင့် ရခိုင်အမျိုးသားများသည် ဤစိမ်း လန်းစိုပြေ နေချင့်စဖွယ်ကောင်းသော ဖလောင်းချိပ်ပင်းဝါဒေသတခွင်မှာ အခြေစိုက် နေထိုင်ကြသည်။

ရိုးမတောင်းခြေမှ ကျော်ဖြတ်ချဉ်းနင်းဝင်ရောက်လာသော ဘိုးတော်ဘုရား၏ ကြီးမားသောစစ်အင်အားနှင့် အသားထဲမှလောက်ကောင်၊ တဦးဖြစ်သူ ချင်းပုံရန်တို့ ကြောင့် လူ့ဘဝတွင်အသက်တချောင်းတည်မြဲရေးအတွက် ပြေးမိပြေးရာနှင့် ဆွေ

မျိုးများရှိသည်ကို ဆုံရာ၌ဖလောင်းချိပ်ပင်းဝါသို့ ရောက်ခဲ့ကြသည်။

ဤသို့ဖြင့်ထောင်သောင်းမကသော ရခိုင်အမျိုးသာများသည် ဇာတိရပ်ပြည်မ ဟုတ်သော ဒေသသို့ ရောက်ရှိစားသောက်လုပ်ကိုင်နေကြခြင်းဖြစ်သည်။

ကုလားဖြူစစ်တပ်နှင့် အစိုးရသည် ရခိုင်အမျိုးသားများကို ကောင်းစွာသ မှုစောင့်ရှောက်ပြုထားသဖြင့် အခြေအနေမှာ အေးချမ်းသာယာနေသည်။

သာကြည်လေကျူးသံရင့်တန်ဆောင်လေ၊ ပွေမြင့်ထက်သာကြည်လေ ကျူးသံရင့် တန်ဆောင်လေပွေ မြတောင်ပင်နီမြင့်ထက် စသောမိုးသံပေး သီချင်း။

မနေဝံ့ကပန်းနံ့ရိပ်ခိုလှမယ်ပျို့မှာ ရေချိုးပြုံးပြုံးသွားသွတ္တလေ–ပုဝါဖုံးကေ မျက် လုံးရေချို ပရိယာယ်ချစ်ဆွေပြော– စသောလူပျိုလှည့် သီချင်းများကို သီချိုကျူးရင့်ခါ အချစ်၏ ကြင်ဖေါ်ကြင်ဘက်ကို ဆွမြူနေခြင်းဖြင့် ငြိမ်းချမ်းသာယာမှုကို ခံစားနေကြ သည်တကား။ မိုဃ်းဒုပ္ပိကျွန်းစံများကား ပါးစပ်အဟောင်းသားနှင့် အံ့သြငေးမော ကြရပြန်သည်။ ပြန်လည်ရောက်ရှိလာသော ရေလုံးသော်ဒလီ သူရဲကောင်းနှစ်ဦး၏ ကြားခဲ့မြင်ခဲ့ရချက်များကို အရင်းအတိုင်းရာဇဝင် အတ္ထုပ္ပတ္တိပါမကျန် တဆင့်ဖေါက် သည်ချခြင်းသည် ချခြင်းကြောင့်အံ့သြရုံသာမဟုတ် ထိုဖလောင်းချိပ်တခွင်သို့ ပြေး၍သာကြည့်ချင်ကြတော့သည်၊ ငါတို့ဆီမှာ နေရ ထိုင်ရအေးချမ်းရပုံနှင့် များတူ နေလေသလား ဘာများထူးနေပါလိမ့်။

ဦးဂေါင်းကြီးကားစကားတခွန်းမျှမပြောတော့ကြည်လင်သော မျက်လုံးနက်နှင့် ကွပ်ပြစ်ပေါ်ထိုင်ရင်းမြေကြီး ကိုစူးစိုက်ကြည့်နေသည်။

ဝါးဆေးတံရှည်တချက် တချက်တအားရှူရှိုက်ရင်း ပင်းဝါနှင့် ဖလောင်းချိပ်ကို တွေးကြည့်နေသည်။

ဦးဂေါင်းကြီးကား ထိုသို့နေ့ရှိသရွေ့ တွေးနေရုံနှင့်အားမတော့ ရွှေလုံးသော်ဒ လီကိုလမ်းပြခေါ်ခါ ဦးအောင်ဇံ၊ ဦးကျွန်းဦးတို့နှင့်အတူ၊ ထိုဒေသသို့ရွက်ဖွင့်ခဲ့လေသည်။ ပြာသိုမှာ ခွါညိုများပွင့်နေသည်၊ ချူမဲ့သူ၊ ပန်ဆင်မဲ့သူများကားမရှိ စိမ့်ကြီးမြိုင်ကြီး တလျှောက်မွှေးတကြူကြူနှင့် ခွါညိုပန်းပြာပွင့်များ ပင်လယ်လေညှင်းကလေးကြောင့် လည်း ကမ်းစပ်၌လှိုင်းခွပ်ကလေးများဆော့မြူနေသည်။ အချိန်ကား ၁၁၅၉–ခုနှစ်ဖြစ် တော့။

တည်ကြည်ခန့်ညားသော ဦးဂေါင်းကြီးကိုအစွဲပြု၍ ကျွန်းသစ်ရွာသစ်ကို ဇရင်ကာဗလီဓ ရွာဟူ၍၄င်း၊ ဂေါင်းကြီးရွာဟူ၍၄င်း ခေါ်ဝေါ်ကြသည်။

## ဂြိုလ်မွှေသောရှင်မဖြူ

ဖလောင်းချိပ်ပင်းဝါသို့ ဦးဂေါင်းကြီးတို့ ရောက်ရှိစုံစမ်းနည်းနာများစုဆောင်းခဲ့ ကြပြီး မိုဃ်းဒုပ္ပိသို့ပြန်ခဲ့ကြပြီးသည်နောက် ယင်း ၁၁၅၉–ခုပြာသိုလတွင် မိုဃ်းဒုပ္ပိမှ အိမ်ထောင်စုအချို့ကိုခေါ်ယူ၍ ဖလောင်းချိပ်အနီး ရင်ကာဗလီကျွန်းတွင် ဂေါင်းကြီးရွာ တည်ခဲ့လေပြီ။

ရင်ကာဗလီသည် လည်းပင်ရင်း မိုဃ်းဒုပ္ပိကဲ့သို့ပင် မြေဩဇာထက်သန်လှ ကား ဂေါင်းကြီးရွာသားများ အထူးအားတတ်သရောနှင့် ခွါညိုပန်းများပွင့်လန်းရာ မြိုင် ညိုတောတန်း စိမ့်မြိုင်တောဂနိုင်များကို ခုတ်ထွင်ရှင်းလင်းပစ်ကြရပြီး ရပ်ရွာများ တိုးချဲ့တည်ထောင်ကြ၏။ စိုက်ပျိုးရေး နယ်မြေများ အင်တိုက်အားတိုက် ပြုစုပျိုး ထောင်ကြ၏။

လွှမ်းပေါင်းလွှမ်းမြူလှသည်လေ၊ မိုးပေါ်လေခေါင်စွန်ဖျား၊ ဂျိုးညိုရွှေရောင် နား၏၊ လွှမ်းပေါင်း လွှမ်းမြူလှသည်လေ၊ မိုးပေါ်လေ ခေါင်စွန်းဖျားဂျိုးညိုရွှေရောင်–ပြောင်ပြောင် ဟသ်ာပျံလှာ ရပ်တန့်နား၏၊ ပျံလွှားသည် သံချိုမြန့်စသော သီချင်း များသံစီစီနှင့် ရင်ကပာဗလီကျွန်းကား လှုပ်ရှားအသက်ဝင်နေပေ၏တကား တပ်မင်းကြီး ပျို့အောင်ကား ကုလားဖြူစစ်ဗိုလ်၏ စကားကိုပြန်ပြောင်းတွေးတောနေသည်။ အနီးတွင် ရှိသောရွာစားသံဦးနှင့် တိုင်ပင်ဆွေးနွေးကြည့်သည်၊ အိမ်တွင်း၌ဗာဟီရကိစ္စများ လုပ်နေ သောအိမ်သူသက်ထားတို့လည်း သမင်လည်ပြန် ကြည့်လိုက်ပြန်သေးသည်။

ဦးဂေါင်းကြီးနှင့်တကွ အိမ်ထောင်စုအချို့ရင်ကာဗလီသို့ရွှေ့ပြောင်းနယ်သစ်ထူ ထောင်ပြီးကြသည်မှာလည်း မကြာသေး၊ ရင်ကာဗလီသာမက ထိုထက်ပို၍နယ်သစ် မြေသစ်များကို မိုဃ်းဒုပ္ပိကျွန်းသူ ကျွန်းသားများ လိုလားနေကြသည်။ ဤအခြေအနေ တွင် ကုလားဖြူစစ်ဘပ် ဗိုလ်တဦးလာရောက်ခါ သူတို့ပိုင်ရခိုင်ပြည်ဘက် ကျွန်းတကျွန်း သို့ လာရောက်နေထိုင် လုပ်ကိုင်စားသောက်ကြပါရန် ခေါ်ဆိုနေသည်၊ အကယ်၍သာ ထိုကျွန်းသို့ လာရောက်လုပ်ကိုင်ကြပါလျှင် နှစ်တရာတိတိ လယ်ခွန်မြေခွန် မပေးဆောင် ရပါဟူ၍လည်း ကုလားဖြူဗိုလ်က ဂတိပေးခဲ့ပြန်သေးသည်။

သို့ကြောင့်လည်းတပ်မင်းကြီးနှင့် ရွာစားတို့သည် ကုလားဖြူဗိုလ်နှင့် အတူထို ကျွန်းသို့ သွားရောက်ကြည့် ရှုပြီး မိုဃ်းဒုပ္ပိသို့ပင်တဖန် ပြန်ခဲ့ကြပါသည်။

ဤသို့ ၁၁၆၄–ခုနှစ်ပြာသိုလအတွင်း ထိုသူရဲကောင်းနှစ်ဦး၏ ဦးဆောင်မှုဖြင့် မိုဃ်းဒုပ္ပိမှအိမ်ထောင်စုစုပေါင်း ၂၀–ကျော်တို့ ထိုကျွန်းသို့ပြောင်းရွှေ့ခဲ့ကြလေသတည်း။

ကျွန်းမှာအခြားခြားကျွန်းများနှင့် လုံးဝမတူ ကျားသူရဲသတ္တဝါများ အလွန်ပေါ များဘိ၏၊ ကုလားဖြူများက အကူအညီပေးထားသော မီခပ်သေနပ်များနှင့် နှိမ်နင်းပါ သော်လည်း မနိုင်မနင်းဖြစ်ကြ၏။ ကျားများမှာ ညမှောင်စပျိုးပြီဆိုလျှင်ပင် တဲအိမ်များ အောက်သို့ တဟိန်ဟိန်နှင့်ရောက်ရှိကြသည် ထင်းခွေရေခပ်မှာ မလာနိုင်အောင်ထိ ကျားရန်ကဆိုးရွား၏။

ထိုကျွန်းကားဂြိုလ်မွှေသောရှင်မဖြူကျွန်းတည်း။ အင်္ဂလိပ်နှင့်မြန်မာ၊ မြန်မာနှင့် အင်္ဂလိပ်တို့ကား မလွဲကေန်

တိုက်ခိုက်ကြရမည့်အကြောင်း နတ်မြစ်တလျှောက်တွင် အ သင့်ပြင်ဆင်စစ်ထိုးရန် တာစူနေကြပြန်ပြီ။

မြန်မာဘုရင် ဘိုးတော်ဘုရားကား စစ်မက်ရေးရာအဖြာဖြာကို ပြင်ဆင်စီစဉ်ခဲ့ နေခိုက် ကြမ္မာကုန်လွန်၍ သားတော်အိမ်ရှေ့မင်း၏သားတော် ဘကြီးတော်မင်းကြီး နန်းတက်တော်မူ၏ စစ်သူကြီးမဟာဗန္ဓုလစသော ထူးချွန်သောစစ်သူကြီးများအား ကိုးနှင့် ရန်သူတော်မိစ္ဆာအင်္ဂလိပ်များကို ကြူပင်ခုတ်ကြူငုတ်မကျံရအောင်ထိုးလိုချေ ရေလိုနှောက် တိုက်ခိုက်ရန်ကြုံးဝါးနေလေဘိရင်း ရခိုင်မြေပြင်တွင် အလွန်ကြပ်တီးစွာ စစ်မိန့်များထုတ်ဆင့်၏။

ထို့ကြောင့် မဒစကာ ကျွန်းစုများကို ရေကြောင်းမှအင်္ဂလိပ်တို့ ပိတ်ဆို့ထား ကာ သိမ်းပိုက်ရန်ကြံနေစဉ် ရှင်မဖြူကျွန်းမှတဖန် ဖြိုလ်မွှေတော့မည့်အသွင် ပေါ် လာရကား ကပ္ပတိန်ကင်နင်ကို အင်္ဂလိပ်တို့က ဘကြီးတော် ထီးနန်းစိုက်ရာ အင်းဝရွှေပြည်တော်သို့ သံတမန်အဖြစ် ပြေရာပြေကြောင်း ဖြေရှင်းရန်လွှတ်လိုက် သည်။

ဗန္ဓုလီသို့တဖန်

အမှန်စင်စစ်လည်းတပ်မင်းကြီးပျို့အောင်တို့သည် ရှင်မဖြူကျွန်းမှာ တာရှည်မ နေခဲ့ကြလေ၊ ကျားရန်ကတနေ့ထက် တနေ့ ဆိုးရွားလာရကားပင် ရင်းကုလား ဖြူအင်္ဂလိပ် အကူအညီနှင့်ပင် မိုဃ်းဒုပ္ပီသို့တနှစ်အကြာမှာ ပြန်သွား ခဲ့ရ၏။

ရခိုင်ကမ်းရိုးတမ်းအနောက်ဘက်အဆုံးမှကျော်လွန်၍ ပင်လယ်ပြင်ဘက်ဆီ သို့ဤကမ္ဘာမြေပထဝီပုံကိုကြည့်သော် ဘင်္ဂလားပင်လယ်အော်နှင့် စစ်တကောင်း ကမ်းခြေကြားနှင့် ထိုကြားအလွန်တို့၌ များလှစွာသော ကျွန်းငယ်ကျွန်းစုများရှိ၏။ ရှင်မဖြူကျွန်းသည် ထိုကျွန်းစုများ၏ အရှေ့ဘက်ဆုံးနှင့် ရခိုင်ကမ်းရိုးဘက်သို့ အတွင်းအကျဆုံးဖြစ်၏။

တပ်မင်းကြီးပျို့အောင်တို့ ရခိုင်ပြည်ပျက်မှ နယ်သစ် မြေသစ် ရှာဖွေထွက်ခဲ့ ချိန်က ထိုကျွန်းများမှာ လူသူလုံးဝမရှိခဲ့ကြ ယခုဆိုသော်အင်္ဂလိပ်မြန်မာ စစ်ရေးမက် ရေးကြောင့် ကျွန်းဆိုလျှင်သူပိုင်ငါပိုင် အပိုင်ခံသဘောဖြင့် တက်ရောက်သိမ်းပိုက်ကြ ရပြီဖြစ်ရကား ကမ္ဘာမှာမြေလွတ်ရေလွတ်မကျန် သိမ်းပိုက်နယ်ချဲ့လိုသော အင်္ဂလိပ်ခေ ရှင် ကုမ္ပဏီများသည် စစ်အင်အားနှင့် ထိုကျွန်းစုရှိကျွန်းဟူသမျှကိုတက်ရောက် အပိုင်ခံနေကြလေပြီ။

ရှင်မဖြူကျွန်းမှ ဆုတ်ခဲ့ကြရပြီးသည့်နောက် တပ်မင်းကြီးပျို့အောင်ကား မိုဃ်းဒုပ္ပီတွင် အငြိမ်မနေနိုင်တော့ လေ့တက်တပြင်ပြင် ရွက်တပြင်ပြင်ဖြစ်နေဘိ၏ တပ်မင်းကြီးလုပ်ခဲ့ဘူး၍လည်း ရှေ့ကာလတွင် အင်္ဂလိပ်နှင့် မြန်မာတို့ မလွဲကေန် စစ်ဖြစ် ရမည်ကို တရေးရေးမြင်နေမိ၏။

စစ်ဖြစ်လျှင်အင်္ဂလိပ်တို့က နိုင်ခြေရှိသည်ကို ရိပ်မိရကား နောင်သောကာလ မှာ ရမ်းဗြဲ၊ သံတွဲ၊ မာန်အောင် လောင်းဒရိတ်တခွင်မှ လူအများလာကြမည့်အရေး ကိုလည်း တွေးမြင်မိရကား မိုဃ်းဒုပ္ပီထက် သာလွန်ကောင်းမွန်သော ကျွန်းများသို့သွား ရောက်ခေါင်းချရေးအတွက် ယခုလိုခပ်ကွင်းတပြင်ပြင်ဖြစ်နေခြင်းပင်။

ခပ်ကွင်းပြင်ရုံသာမဟုတ် အပေါင်းအဖေါ် ၃-ဦးနှင့်အတူ မိုဃ်းဒုပ္ပီမှ တပ်မင်း ကြီးသည် ၁၀-ရက်မျှပျောက် ကွယ်သွားလေသည်။

ဓကဲအားလုံးစုံပြီလား အိမ်ခြေကဘယ်လောက်တုံးခ အိမ်ခေါင်းရင်း မကျီးပင် အောက် ဓါးသွေးကျောက်တွင် ငုတ်ကြီးတောင်ထားကို ဆောင့်ခြောင့်ထိုင်သွေးနေရင်း က ရွာစားသံဦးအား တပ်မင်းကြီးမေးလိုက်လေသည်။

အိမ်ခြေ ၃၀-ဘယ်နေ့ကိုသာ စီစဉ်ပေးတော့ လအဆန်းမှာပေ့ါကွ အားလုံးကို သာစီစဉ်ထား ဘယ်နေ့ဆိုတာ ငါပြောမယ် ဒါးကိုထက်၏မထက်၏ စိတ်တိုင်းကျ၏ မကျ၏ကို ဒါးသွားပေါ်လက်ညိုးနှင့်စမ်းကြည့်ရင်း ရွာစားသံဦးအား ဘယ်နေရာဘယ်လို ခရီးထွက်ကြမည်ကို ပြောပြနေလေသည်။

မိုဃ်းအကုန်ဆောင်းဝင်ခဲ့လေပြီအချိန်မှာ ၁၁၅၆-ခုတန်ဆောင်မုန်းလဖြစ် သည်၊ ပင်လယ်ထဲတွင် တည်ရှိနေသော ကျွန်းဖြစ်လင့်ကစားမြောက်လေအနောက်တွင် ကျွန်းသူကျွန်းသားများ အအေးဓါတ်ကိုခါးကော့၍ခံကြရသည်။ အချို့ကောက်ဦးစပါး များကို ရိပ်သိမ်းပြီးရုံသာမက ရိက္ခာအတွက်ပါ အသင်ဖြစ်ပေပြီ။

တပ်မင်းကြီးတို့ ၄-ဦး၊ မိုဃ်းဒုပ္ပီမှ ၁၀-ရက်မျှပျောက်ကွယ်နေစဉ်က အမှတ်မ ထင်ရောက်ရှိ စုံစမ်းခဲ့သောအနောက်ဘက်ဒေသ ကျွန်းတကျွန်းသို့ ထိုတန် ဆောင်မုန်းလ လသာသောညတညတွင် အိမ်ခြေစုံ၃၀-တို့ တစခန်းလှမ်းခဲ့ကြ၏။

ကျွန်းမှာ မိုဃ်းဒုပ္ပီထက်ကြီး၏ တောရိုင်းများထူထပ်၏ တိရိစ္ဆာန်များလည်း ပေါများ၏။ သားမြေခဲများမှာ စိုပြေလှရကား ဤကျွန်းကိုသာ ခုပ်ထွင်ရှင်းလင်း၍ မြေသစ်ပြည်သစ် ထူထောင်ရပါသော် မြေကြီးမှရွှေသီးမည်ဟု ယုံကြည်ချက်ဖြင့် တ စခန်း ကူးပြောင်းခဲ့ကြခြင်းပင်။

တပ်မင်းကြီးနှင့် အဖေါ်၃-ဦး ဤကျွန်းသို့ ပဌမတခေါက် စုံစမ်းရန်ရွှေ့ခဲ့စဉ်က ကျွန်းတွင်တပ်စွဲနေသော ကုလားဖြူအင်္ဂလိပ်တို့က အနူးအညွတ်လက်ခံသည်သာမက ကျွန်းကိုင်းကို သုဒ်သင်ရှင်းလင်းပြီး ရပ်ရွာအိုးအိမ် ထူထောင်ကြပါလျှင် လယ်ယာ စိုက်ပျိုးကြပါလျှင် အစစကူညီမည်ဟု ဂတိပေးခဲ့သည်။

ယခုတပ်မင်းကြီးတို့ အိမ်ခြေ ၃၀-နှင့်ရောက်ရှိလာသည်တွင် ရေးဂတိအတိုင်း အစစအရာရာကူညီကြ၏ လုပ်သမျှပြုစုသမျှသည် ကိုယ့်အိမ်ထောင်စုအတွက် သာဖြစ် နေရကား လုပ်အားအလျှောက်အကျိုးခံစားခွင့်ရှိကြရမည်ဖြစ်၍

ထိုကျွန်းကိုင်းကို အင်္ဂလိပ်အကူအညီဖြင့် ခါးလက်နက်ကိုင်စွဲကာ ခုတ်ထွင်ရှင်းလင်းကြ၏ ရေကြည်ရာ ဆိပ်ကမ်းကျရာ၌ ရွာကလေးတရွာတည်ဆောက်ကြ၏။

ဇန္ဒလီကျွန်းမှ အပ်လာရွာကလေးပင်တည်း။

မှန်းချက်နှင့်နှမ်းထွက်မကွာဆိုသလို၊ ပဌမအတော်အဖြစ် ကျွန်းသို့ရောက်ခဲ့ စဉ်ကပင် မြေသြဇာကောင်းမည့် ကျွန်းဟုမှန်းဆခဲ့သရွေ့ ယခုနပ်ဖူးတွေ့ ဒူးတွေ့၊ လက်တွေ့ ခုပ်ထွင်ရှင်းလင်းစိုက်ပျိုးကြသောအခါ အလွန်အကျိုး ဖြစ်ထွန်း ကြ၏။

အင်္ဂလိပ်များအကူအညီဖြင့် ဘင်္ဂလားစစ်တကောင်း၊ ဖလောင်းချိပ်၊ ပင်းဝါ ဘက်သို့ ရောင်းချကြရသည်။

အပ်လာရွာကလေးကိုလည်း ဆိပ်ကမ်းဘက်သို့ရော၊ ကျွန်း၏အထက်ဘက် သို့ပါ တိုးချဲ့ထူထောင်ကြ၏ ချင့်စဘွယ်ကောင်းရကား၊ ဤဇန္ဒလီကျွန်းမှာ တနေ့နေ့တွင်  ရောင်းဝယ်ဖောက်ကား လူနေအိမ်ခြေများစည်ကားရာ ကျွန်းကြီးတကျွန်းဖြစ်ချိမ့်မည် ဟု အင်္ဂလိပ်တို့က သူကောင်းပြုထားသော သော်ဒလီတပ်မင်းကြီးသည် အနာဂါတ်ကို မျှော်မှန်းကြည့်မိ၏။

စစ်

အချိန်မှာတဖြည်းဖြည်းကုန်လွန်ခဲ့သည် မမြဲသောသင်္ခါရ တရားအရ အသက် အရွယ်အိုဇရာသို့ ရောက်လာကြရပြီ၊ မာန်အောင်ကျွန်းဒေသ တပ်မင်းကြီးနှင့် အိမ် ထောင်ကျခဲ့သည်မှ ပင်လယ်မြစ်ထဲ ဇန္ဒလီကျွန်းအပ်လာရွာ တည်ထောင်ပြီးသည်ထိ ဘဝတာတွင် ရှန်းကန်တိုက်ခဲ့ပြီးဖြစ်ရာ ယခုဆိုသော် ဇရာအရွယ်သို့ပင် ရောက်ရှိခဲ့ ရှာပြီ။ တမလွန်နောက်ဘဝသို့ အထုပ်အပိုးယူဆောင်လိုသေး၍လည်း၊ ဗုဒ္ဓအယူဝါဒအ တိုင်း အပ်လာရွာတွင် ကျောင်းကန်ဘု ရား စေတီပုထိုးတည်ဆောက်သည်။

အာရုံဆွမ်းကပ်အမျှဝေ၊ ဒါနသီလပြုရင်း။ တခါခါတော့လည်း ဇာတိချက်ကြွေ သို့ တွေးမိရှာသည်။

အပြောကျယ်စွာသော ပင်လယ်ပြင်ကို လှိုင်းတံပိုးကြားမှ ဖေါက်စွန့်ခဲ့ပြီး သည့်နောက် တွေ့ရှိခဲ့သမျှသော ကျွန်းရိုင်းတောင်ကမူ တောစွယ် ဂနိုင်များကို ခုတ် ထွင်ရှင်းလင်း၍ ရွာသစ်ပြည်သစ်ထူထောင်ခဲ့ကြသော ခေါင်းဆောင်များမှာ ယခုဆို သော် ကြေးစည်သံတဝေဝေနှင့် တမန်လွန်နောင်ဘဝအတွက် ကောင်းမှုကု သိုလ်ပြုကြ ချိန်ပင်ဖြစ် သည်။

အပ်လာရွာသည် ထို့ကြောင့်လည်း ညမနက်တိုင်း ရွာဦးကျောင်းမှ ခွေးခတက် ခေါက်သံ ညံစီစီနှင့်ကြည်နူး ဘွယ်အောင်းနေသည်။

အားလုံးချမ်းကြပါစေ၊ စစ်မက်အန္တရာယ်ကင်းဝေးပါစေ၊ ကပ်သုံးပါး၊ ဝဠ်သုံးပါး မှကင်းလွတ်ပါစေဟူ၍ နေ့ တိုင်းညတိုင်းတပ်မင်းကြီး စိန္တေဦးမှာ ဆုတောင်းရှာသည်။

သို့သော် ဆုတောင်းခြင်းထက် စစ်ကား တကယ်ပင်ဖြစ်လေ၏။ စစ်ဖြစ်ပြီ ဟူသော သတင်းသည် ဘယ်ကစ၍ ဘယ်သူများက ယူဆောင်လာသလဲ ဟူ၍ ကားမပြောတက် တကျွန်းလုံးဘဲ တင်ထပ်သွားလေသည်။

ကျွန်းတွင်အစောင့်ကျနေသော အင်္ဂလိပ်တို့မှာ စစ်သတင်းကြောင့် လက်နတ် တပြင်ပြင်ဖြစ်နေကြ၏။

ဇာရာဖိစီး၍ လောကီအလုပ်ကိုဘဲ လုပ်ပါတော့မည်ဟုမည်မျှပင် ဆုံးဖြတ် ထားစေကာမူ၊ တပ်မင်းကြီးကား ငှတ်ကြီးတောင်ဓားကို မျက်စိကျမိသည်၊ တဖန်စစ် ကိုတွေးမိသည်။

ဇန္ဒလီ၊ မိုဃ်းဒုပ္ပိရှိ ကျွန်းပေါ်မှာများ တိုက်ကြလေမလား၊ မြန်မာ့တပ်မ တော်ကား ကြည်းကြောင်း၌အထူးသာလွန်၍ ရေကြောင်းကိုအမိကထားရမည့် ဤကျွန်းသို့ကား လာရောက်နိုင်မည်မဟုတ်သည်ကို ယုံကြည်သည်။

သို့သော် စစ်တကောင်းကမ်းခြေအနီး ဝေါင်းကြီးရွာသို့များ စစ်ရောက်လေ မလား၊ ဘုရားသိကြားမလို့ တို့ရွာသားများ စစ်ဘေးမှလွတ်ကြပါစေဟူ၍ တပ်မင်း  ကြီးဆုတောင်းရသည်။

မြန်မာဘုရင်ဘကြီးတော်သည် ပြင်သစ်တို့အား အလွန်အသင့်အတင့်ခံ ပေါင်းသင်းနေသည်ကို အင်္ဂလိပ်တို့ မလိုလားဆုံးဖြစ်သည်။ အမှန်မှာ အင်္ဂလိပ်နှင့်ပြင် သစ်တို့သည် နယ်သစ်၊ မြေသစ်၊ ရေသစ်များ အပြိုင်အဆိုင်ရှာဖွေဘက်ရန်သူများ ဖြစ်ကြသည်၊ ပြင်သစ်ကုန်သည်ကြီးများသည် မြန်မာဘုရင်အား အချိုသွင်း၍ အပိုင်စီး မည်ကိုအင်္ဂလိပ်ကုန်သည်များ အထူးသဖြင့် အရှေ့အားရှကုမ္ပဏီက လုံးဝမကြားလို မမြင်လိုခဲ့ မြန်မာပြည်ကို သူတို့သာ လက်ဝါး ကြီးအုပ်သိမ်းပိုက်လိုသည်။

ပြင်သစ်တို့၏ အိန္ဒိယသမုဒ္ဒရာရှိ မာဒစကာကျွန်းစုများကို အိန္ဒိယ အင်္ဂလိပ် စစ်တပ်က သိမ်းပိုက်ပြီးသောအခါပြင်သစ်တို့သည် မြန်မာပြည်ရှိရာ အရှေ့ဘက်သို့ အသွားအလာကြပ်တည်းသွားလေသည်။

မြန်မာနှင့်အင်္ဂလိပ်တို့သည် အာသံမဏိပူရအရေး၊ ၄င်းပြင် ရခိုင်ပြည်နယ်စပ်၊ ရခိုင်အမျိုးသားစစ်ပြေးများနှင့် သူပုန်သူကန်များအရေးတို့ကြောင့် မကြည်ဖြူ ပြုံစူ စောင်းမြောင်းဖြစ်နေသည်သာမကသေး၊ စစ်ဘက်ပြိုင်ဆိုင် အနိုင်တိုက်ကြရန်ထိ ပြင်ဆင်ခဲ့ကြသည်။

အင်္ဂလိပ်တို့အချိန်ဆွဲသောအားဖြင့် အင်းဝရွှေနန်းတော်သို့ သံတမံအဖြစ်စေလွှတ်ထား သော ကပ္ပတိန်ကင်နင်၊ မဏိပူရကသည်းများနှင့် ရခိုင်အရေးတို့ထက် ရွှေနန်းတော်ထဲ များစွာမျက်နှာပွင့်လန်းနေပြီ ပြင်သစ်များအရေးကိုသာ အဓိကထားနေ၏။

အင်္ဂလန်နိုင်ငံသည်စက်မှု၊ လက်မှုတိုးတက်ထွန်းကားလာသည်နှင့်အမျှ ဤ ကမ္ဘာမြေပထဝီမှာ မြေလွတ်ရေလွတ်မကျန် တက်ရောက်သိမ်းပိုက်နယ်ချဲ့၍ စက်ရုံထွက်ကုန်ပစ္စည်းများကို တဦးတည်းရောင်းချရန် လက်ဝါးကြီးအုပ်ထားလို၏၊ ဤနည်းဖြင့် အင်္ဂလိပ်အရှေ့အာရှ ကုမ္ပဏီသည် အရှေ့ဘက်ဒေသအိန္ဒိယ ပြည်ကြီးကို အပြီးအပိုင်လက်ဝါး ကြီးအုပ်ခဲ့ပေပြီ။

ယခုဆိုသော် မြန်မာနိုင်ငံသာ လိုတော့ရကား၊ အင်းဝနန်းတော်မှ ကပ္ပတိန် ကင်းနက်ကိုပြန်ခေါ်ခဲ့၏၊ တပ်မင်းကြီးတို့ တချိန်တုန်းက တက်ရောက်နေရာယူခဲ့သော နတ်မြစ်ဝရှိ ရှင်မဖြူကျွန်းကို သူပိုင်ငါပိုင် စကားဆိုကြခါ စစ်ဆိုင်ပြိုင်တိုက်ကြ၏။

အင်္ဂလိပ်–မြန်မာစစ်ပွဲကား ဖြစ်ခဲ့လေပြီ ဗန္ဓုလီကျွန်းမှာ ယခင်ကဲ့သို့ ကုလား တက်ခေါက်သံ၊ စာအံသံ၊ ဆူညံသံများလုံးဝမကြားရတော့ တိတ်ဆိတ်နေ၏။

ဘူးသီးတောင်မြောက်ဘက် အိုဖြူဆယ့်နှစ်ဖြူတို့တွင် ခိုင်ခန့်သောစစ်တပ်စ ခန်းများ ဆောက်လုပ်ထားခြင်းကြောင့် နယ်၏တခွင်၂–ဘက်ရင်ဆိုင်တိုက်ကြရာ၌ မြန်မာဘက်က အရေးသာလျက်ရှိ၏။

စစ်သူကြီးမဟာဗန္ဓုလကား စစ်ကိုတချိန်တိုးမတိုက်ခိုက်၊ အင်္ဂလိပ်တို့၏ခံတပ် များကို တခုပြီးတခုထိုးဖောက် တိုက်ခိုက်၏။

အင်္ဂလိပ်များမှာအကျနာစွာဖြင့် များစွာသော ရှေ့တန်းခံများကို လက်လွှတ် ဆုတ်ခဲ့ကြရ၏။

စစ်ရေးလှသည့် သတင်းကြောင့် ဘကြီးတော်သည် လက်စွဲတော်သံလျက်ဒါး တဝင့်ဝင့်နှင့် မိစ္ဆာရန်သူကုလားဖြူများကိုနေရင်းဒေသသို့ထိ ချီတက်တိုက်ခိုက်ကြပြီး၊ သင်းတို့ဘုရင်အမိုက်ကို လက်ရာဘမ်းဆီး ရှေ့တော်ဆက်သရမည်ဟူ၍ အမိန့်မှတ် လေ၏။

အင်္ဂလိပ်တို့ကား စစ်ကိုစတင်မတိုက်ခိုက်မီကပင်၊ မြန်မာတို့၏ အကောင်း ဘက် အဆိုးဘက်ကို နောကြေအောင် လေ့လာပြီးဖြစ်ရကား  ကုန်းတက်ချင်း ဆိုင်ပြိုင် တိုက်ရေးထက် ရေတပ်ချင်းတိုက်လိုရေးသို့ စစ်ကိုပြောင်းလဲ ပစ်လို၏၊ သို့ကြောင့်လည်း အိန္ဒိယတိုင်းသားများအပါအဝင် စစ်အင်အားတသောင်းကျော်နှင့် ရေကြောင်းမှ ချီတက်ခါ မြန်မာနိုင်ငံ ရန်ကုန်မြို့သိဂ်ုတ္တရကုန်းပြင်တွင် တပ်စခန်းချလေ၏။

ဘကြီးတော်ဘုရားနှင့်တကွ ရွှေနန်းတော်တခုလုံး အံ့သြချောက်ချားသွား ကြရလေပြီ၊ မြန်မာတို့၏ စစ်သမိုင်းတွင် ထိုသို့ရေကြောင်းဖြင့် စစ်တပ်ကြီးများ သယ် ယူတိုက်ခိုက်သည့် သေနင်္ဂဗြူဟာများမရှိခဲ့။

ထိုကြောင့် ဘကြီးတော်မင်းသည် မင်းနေပြည်မှ ဝေးလှသောရခိုင်နယ်စပ်အ ဆုံးစစ်မျက်နှာပြင်မှ မဟာဗန္ဓုလ နှင့်စစ်သည်ရဲမက်များကို အလျှင်အမြန်တပ်ခေါက်စေ ၏။

ရခိုင်ရိုးမတောင်ကြီးကို အပြင်းအထန်ဖြတ်ကျော်ခဲ့၍ မြစ်ဝကျွန်းပေါ်ရန်ကုန်မြို့တွင် ၂–ဘက်ရင်ဆိုင်တိုက်ကြရ၏။

စစ်သည်ရဲမက်များကား နတ်မြစ်စစ်မျက်နှာမှ ဒလကြမ်းဆုတ်ရကားခရီးပမ်း။ စစ်ပမ်းကြချေပြီး သို့ကြောင့် လည်းဓနုဖြူသို့ထိ ဆုပ်ပေးကြရ၏။

ဓနုဖြူစစ်ပွဲတွင် စစ်သူကြီးမဟာဗန္ဓုလသည် ပုံးထိကျဆုံးသွား၏ ၁၁၈၅–ခုနှစ်မှစတင်တိုက်ကြသော်လည်း စစ်မှာ၂–နှစ်အကြာ ပြီးဆုံးသွားလေ၏။

ဤအင်္ဂလိပ်မြန်မာ စစ်ပွဲကြီးသည် မြန်မာတပြည်လုံး၏ရာဇဝင်ကို တမျိုးတ ဖုံပြောင်းလဲစေသည်သာမက မြေသစ်၊ နယ်သစ်ရှာဖွယ် တိုင်းပြည်ကားပြည်ရွာ ထူထောင်နေသော တပ်မင်းကြီးတို့တထွေနှင့် ပင်းဝါ၊မဟာစိုးစသော စစ်တကောင်း ကမ်းခြေဒေသတခွင်ရှိ ရခိုင်များ၏ဘဝပြဿနာကိုလည်း အကြီးအကျယ် ပြောင်းလဲ သွားစေတော့၏။

ဘင်္ဂလားပင်လယ်အော်ကြီးတွင် အရှေ့သို့၄င်း၊ အနောက်သို့၄င်း၊ ရွက်တ လူလူနှင့် လှေကြီးလှေငယ်များ အတားအဆီးစိုးရိမ်အကြောင်းကြမရှိ ကူးလူးဆက်ဆံ သွားနိုင်ကြပေပြီ။

ယခင်ကကဲ့သို့ ဘိုးမင်းထောင်တောင်တန်းနှင့် နတ်မြစ်တရိုးနယ်စပ်ပြဿနာ ဖြစ်သော တော်လှန်ပုန်ကန်သူများ၏ တနယ်ထွက်တနယ်ကူးပြေးမှုများလည်း မရှိတော့။

တိုင်းပြည်ပျက်မှုကြောင့် ဖလောင်းချိပ်၊ ပင်းဝါ၊ မဟာစိုးတို့သို့ တိမ်းရှောင် သွားကြသော စစ်ပြေးဒုက္ခသေများ၏ ပြဿနာကြီးများမှာလည်း လုံးဝပပျောက်သွား ပေ၏။

အင်္ဂလိပ်မြန်မာရန္တပိုစာချုပ်အရ ရခိုင်ပြည်သည် အင်္ဂလိပ်ပိုင်ဖြစ်သွားပေပြီတ ကား။

သေံချို၊ လွှကာဆိုအံ၊ ထိုဘဝလျှင်၊ မင်းအလီစင်၊ ရင်ခွင်ပစပနှော၊ ဘစောမင်းဖြူ၊ သားသည်းအူလည်း၊ သူထော်ဇာတိ၊ မရှိလေအောင်ဆင်ပြောင်လှန္တန်း၊ ထက်ဖုန်းအားအံ၊ စွန်းသံရဲမက်၊ မောင်းလက်ကြမ်းရော်၊ ကြီးမြင့်မော်လျှက်၊ ကျော်လည်းတဖန်၊ ကျင်လည်ဟန်လည်း၊ ပစ်မှန်လေရာ၊ တံထွာသံထု၊ နှစ်စုံဖို့စက်၊ ဝင်စက်သမျှခံ့တိုင်းကျ၏။

ရွှေအိမ်နန်းနှင့် ကြငှန်းလည်းခံ၊ မင်းချမ်းသာခဲ့သည့် မြောက်ဦး၊ ဝေသာလီ၊ ဒွါရာဝတီစသော ရွှေမြို့တော်တို့၏ ရွှေထီးရွှေနန်းပွင့်လန်းခဲ့စဉ်က၊ တခိုးထင်ပေါ် တိုင်းလုံးကျော်ခဲ့သည်တို့ကို အထက်ပါချေမ်းသဖွယ်စီကုံး၍ မင်းညီမင်းသားများကို ယေဉ်ကျူးရင့်ခဲ့ကြ၏။ မင်းခမောင်း၊ မင်းဘာ၊ ဘစောဖြူစသော တန်ခိုးကြီးမင်းများ ကြီးစိုးခဲ့စဉ်က ရခိုင်တို့၏ စစ်အောင်လံသည် အနောက်ဘက် ယခုအရှေ့ပါကိစ္စတန်ပြည် ဒက္ကားမြို့တော်သို့ထိ လေကစားလွှားတလူလူဖြစ်ခဲ့၏၊ ထိုဒက္ကားနယ်ပါယ်တလျှောက် သို့ ဘုန်းလက်ရုံး ဆန့်တန်းခဲ့စဉ်က ရခိုင်အာဇာနီစစ်သည်များစွာတို့သည် ဖလာင်းချိပ်၊ ပင်းဝါ၊ မဟာစိုး ဒေသတခွင်ကျန်ရစ်ခဲ့ကြကာ လက်ရုံးရည်နှလုံးရည်ကို အရင်းခံ ပြုလျှက် အိုးအိမ်ထူထောင်ခဲ့ကြ၏၊ ရပ်ရွာနယ်ပါယ်ဖွဲ့စည်းခဲ့ကြ၏။

ဤသို့ဖြင့် တံခိုးရောင်ရှိန်ထွန်းခဲ့သော မင်းများလက်ထက်တို့၌ စစ်တကောင်း၊ ဒက္ကားသို့စစ်ချီခဲ့သည်။ တိုင်းရခိုင်အာဇာနည်အများအပြားသည် ထိုဒေသတဝိုက်၌ နယ်သစ်ရွာသစ်ထူထောင်လေ့ရှိခြင်းဖြင့် ရခိုင်ကျေးရွာ များအဖြစ်အသက်ဝင် လှုပ်ရှား ကြရသော ထိုဖလောင်းချိပ်၊ ပင်ဝါ၊ မဟာစိုးဒေသများသည် ရခိုင်ပြည်ထွားညက်ပျက်၍ တပ်မင်းကြီးတို့အနောက်သို့ထွက်ခဲ့ကြရသည့်အချိန်တွင် ထိုဖလောင်းချိပ်ဒေသသို့ လည်း ရခိုင်အမျိုးသားအများအပြားပင် ပြေးလွှားရှောင်တိမ်းကြရ၍ စည်ကားလာ ပြန်၏။

ရင်ကာဗလီကျွန်းနှင့် ထိုကျွန်း၌ဂေါင်းကြီးရွာထူထောင်ခဲ့သော ဦးဂေါင်းကြီးလူစု သည်လည်း ဤရေခြားမြေ ခြား နယ်ခြား၌ တွေ့ဆုံလာရသော ဖလောင်းချိပ်၊ ပင်းဝါနေ ရခိုင်များနှင့် ကောင်းစွာဆက်စပ်မိပြန်သည်နှင့် မိုးဃး ဒုပ္ပီကျွန်းမှသည်စစ်တကောင်းမြို့

အနီးထိ ရခိုင်တို့၏အရေးအရာများသည် အင်္ဂလိပ်တို့စဉ်းစားဖြေရှင်းရမည့် ပြဿနာ ကြီးဖြစ်လာရတော့သည်။

အင်္ဂလိပ်မြန်မာစစ်ကြီးပြီးသွားပြီဖြစ်၍ ပင်လယ်ပြာတွင်ရှက်တလူလူနှင့် ရခိုင် ပြည်မှဗင်္ဂလီသို့ အသွားအပြန် စုံဆန်လူးလာရှိဘိသကဲ့သို့ ဗိုလ်မင်းတောင်ခြေမှသည် မဟားစိုး၊ ပင်းဝါ၊ စစ်တကောင်းမြို့သို့ထိ အကူးအသန်း အပြောင်းအရွှေ့များပြား လာချေပြီ။

၁၈၉၉–ခုနှစ်တပိုးတွဲလတွင် ရခိုင်ပြည်အနှံ့အပြားမှ ဗင်္ဂလီသို့အိမ်ထောင် သည်ပေါင်း ၇၄–ထောင် လူဦးရေပေါင်း ၅၀၀–ကျော် ပြောင်းရွှေ့လာပြန်ရကား ဗင်္ဂလီမှနီးစပ်ရာ ကျွန်းသစ်မြေသစ်ရှာဖွေကြရပေတော့မည်။

သို့သော် ၁၈၉၉–ကိုကား ဗင်္ဂလီကျွန်းသူကျွန်းသားများသာမက အဝကျွန်း တခွင်မှရခိုင်များလည်း မေ့ပျောက်ခြင်းငှာ တတ်နိုင်မည်မဟုတ်။

အနိစ္စ၊ ငါ၏ကိုယ်ခန္ဓာသည် အမြဲမရှိပါတကားဟူ၍ သုံးလူထွဋ်ထား ရှင် တော်မြတ်ဘုရားက သွန်သင်ခဲ့လင့်ကစား၊ ရင်ထဲမှာဆို့၍ဆို့၍တက်လာသော အပူလုံး ကြီးကား ခဏတာမှာပင်မရပ်နိုင်အား၊ ဘယ်သွားသွားဘယ်လာလာ တပ်မင်းကြီး ဟူသောဂုဏ်ဒြပ်နှင့်အညီ တပ်မင်းကတော်လည်း အသရေတင့်ခဲ့ပုံတွေ၊ ကာမဂုဏ် လောကီသားဖြစ်၍လည်း၊ ငယ်ချစ်လင်နှင့် ကျီစယ်ပျော်မြူး၊ ချစ်ရည်လူးခဲ့ပုံတွေ တိုင်းပြည်ထွားညတ်အပျက်မှာ မှောင်ရိပ် ခိုခါ မာန်အောင်ကျွန်းမှ ရှောင်တိမ်းခဲ့ရပုံတွေ၊ စိုးမဲကျီကမ်းမှတံငါသည်လင်မယားဘဝသို့ ရုပ်ပြောင်းခဲ့ရပုံ၊ ယခုဗင်္ဂလီကျွန်း ရွာ သစ်ပြည်သစ်ထူထောင်ခဲ့ရပုံ၊ ဤတသက်မှာဖြင့် သားစဉ်မြေးဆက်များထိ အတည်တ ကျရှိကြရပြီမို့၊ လင်သည်ယောကျ်ား အယုအယ ချစ်ကျီစယ်မှုများကို အားရကျေနပ် လှစွာခံယူခဲ့ပုံများကို တွေးမိရင်း ရွှေရင်စို့၍မျက်ရည်စိုခဲ့ရသည်လည်း မရေမတွက်နိုင် တော့၊ ဗုဒ္ဓမြတ်စွာ၏တရားနှင့်သာဖြေလော့ဆိုသော အဆုံးအမကို ခံယူကျင့်သုံး သည့်လူမျိုးဖြစ်သော်လည်း ဆိုးတူကောင်းတူခံခဲ့ စံခဲ့သောတပ်မင်းကြီးကို တွေးမိတိုင်း တပ်မင်းကတော်ကား ဆွေးဗျာ ဒုက္ခြွေခဲ့ပေါင်းမရေတွက်နိုင်တော့။

ထို ၁၈၉၉–ခုနှစ်တွင် အခက်အခဲ၊ ဒုက္ခ၊ ဗရုသုက္ခဟူသမျှ ရင်ကော့ခံခဲ့သော တပ်မင်းကြီးပို့အောင် ဘဝတပါးသို့ပြောင်းသွားရှာပြီတကား။

ထိုမျှမက ထိုနှစ်တွင်ပင်လျှင် တပ်မင်းကြီးနောက်သို့ ရွာစားသံဦးတို့အထွေ ထွေလည်း ကောက်ကောက်ပါ အောင် လိုက်သွားကြရှာပြန်သည်။

တပ်မင်းကြီးတို့တထွေ ကွယ်လွန်အနိစ္စရောက်သွားမှုကြောင့် တပ်မင်းက တော်နှင့် သူတို့ဆွေမျိုးတစု အားလျှော့ဝမ်းနည်းကြေကွဲဘွယ်ရာသာမဟုတ် ဗင်္ဂလီတကျွန်းလုံးနှင့် ယခုတကျွန်းဒေသလုံး၏ဝမ်းနည်းကြေကွဲဘွယ် ရာလည်းဖြစ်၏။

မိုဃ်းဒုပ္ပိ၊ ရင်ကာဗလီ၊ ဗင်္ဂလီကျွန်းများကို ရခိုင်ပြည်မှစွန့်စားလာရပြီး လူ့ရပ် လူ့ရွာများဖြစ်အောင် အားမာန်မကျ ထူထောင်ခဲ့ကြသော ထိုခေါင်းဆောင်တို့ ကွယ် လွန်ခဲ့ရှာပြီတကား၊ နောက်ကြောင်းကကံတူကျိုးပေး၊ ချစ်ခင် ကြင်နာခံရ၊ စံရသည် များကို တွေးမိတိုင်းတပ်မင်းကတော်ကား ဆွေးဗျာဒုက္ခြွေလျှက်ပင်။

## ကံဆိုက်

၁၉၀၄–ခု တပေါင်းလနေသည်ပူပြင်းနေ၏ နေပူချိန်အောက် တတောဝင်တတော ထွက် ခရီးဆက်ခဲ့ကြ၍လည်း ရင်ထဲက ပူလောင်လာခဲ့၏။

ရေငတ်လာခဲ့ခြင်းပင်ဖြစ်တော့၏။

ကျွန်း၏ကမ်းစပ်သို့ ပြန်သွားခါ ပင်လယ်ပြင်ရေကို သောက်လျှင်ကားဖြစ်နိုင် ၏။ သို့သော်သောက်လေ သောက်လေငတ်မပြေဖြစ်ကြမည်ကြောင့် ထိုသို့လည်း ပင်  လယ်ရေကို မသောက်လိုကြ။

ရေငတ်ပြေရာပြေကြောင်း တော၌တွေ့ကြရသော နွယ်ချိုပင်များကို ခုတ်ဖြတ် စုပ်သောက်ကြ၏၊ ရေငတ်မှု သက်သာရရှာ၏၊ ရငတ်ကားမပြေကြ။

ဗင်္ဂလီတွင် တပ်မင်းကြီးကွယ်လွန်ပြီးသည်နောက် ရခိုင်ပြည်မှဆက်တိုက်အိမ် ထောင်များရောက်ရှိလာခြင်းကြောင့် ကျွန်းသစ်ရှာဖွေမှုသည် လိုအပ်လာ၏။ ထိုကြောင့် လည်းနွေရာသီတပေါင်းလ ညတညတွင်အရှေ့မြောက်ဘက် ပင်လယ်ပြာသို့ လူတစု သည်ရွက်ဖွင့်ခဲ့ကြ၏။  ၃–ရက်မြောက်ညတွင် လူသူကင်းမဲ့သောကျွန်းတကျွန်းသို့ ရောက်ရှိကြ ၏။

ကျွန်း၏အခြေအနေကို တက်ရောက်လေ့လာစုံစမ်းကြ၏၊ သဲသောင်ပြင်တွင် လိပ်ဥများစွာတွေ့ရ၏၊ ထိုလူတစု ထိုသို့တက်ရောက်လေ့လာ၍ ငါးရက်မြောက်သော နေ့တွင် ပါလာသောသောက်ရေများကုန်ခန်းသွားတော့၏။ တောထဲ၌တွေ့ရသော နွယ်ချိုပင်များကို စုပ်ကြခြင်းဖြင့်လည်း ရေငတ်မပြေကြရကား မြေကြီးကိုတူးကြရ တော့၏ နေကလည်းပူ ရေကလည်းငတ် မြေတူးဒဏ်ကလည်းဖိစီးပြန်ရကား ကျုပ်တို့ တထွေ ဘယ်ကံဆိုက်၍ ဤကျွန်းသို့ရောက်ကြရသနည်းဟူ၍ တဦးသောသူက မြေတူးရင်းညည်းညူးမိ၏၊ ထိုသို့ညည်းညူးမိသည်ကို အကြောင်းပြု၍ပင် ထိုကျွန်းကို ကံဆိုက်ကျွန်းဟု အမည်ပေးကြ၏။

ကံဆိုက်ကိုတွေ့ကြသောအချိန်မှာပင် ဗင်္ဂလီမှအရှေ့ဘက်စူးစူးရှိ တောကျွန်း ကိုလည်း သူတို့တထွေ တွေ့ကြပြန်၏။

စစ်ကြီးပြီးဆုံးသွား၍ ရခိုင်ပြည်မှတပုံတခါင်းကြီး ထွက်ခွာလာခဲ့ကြသော မြေသစ်ရွာသစ်ထူထောင်ရေးသမားများက တိုတောင်းသောရက်ကာလအတွင်းမှာပင် ကံဆိုက်နှင့် အသက်မွေးဝမ်းကျောင်းမှုအတွက် ဒါးလက်နက်စွဲကိုင် ခါကျွန်းရိုင်းမြေ ရိုင်းများကိုခုတ်ထွင်ရှင်းလင်းပစ်ကြရသည်။

ကံဆိုက်ကျွန်းမှာမြေသြဇာကောင်းသဖြင့် မြေကြီးမှရွှေသီးသရွေ့ တောကျွန်း မှာမူအခက်ကြုံကြရ၏၊ သို့သော်တောကျွန်းကား မိုဃ်းဒုပ္ပီကျွန်း ရင်ကာဗလီ၊ ဗ္ဗန္တလီ၊ ကံဆိုက်စသော ဘင်္ဂလားအဝကျွန်းများသည် အလယ်ဗဟို၌ ကျခြင်းကြောင့် ကူးလူးသွားလာရေးနှင့် စီးပွားရေးရောင်းဝယ်ဖောက်ကားမှု၏ အလယ်မဏ္ဍိုင်ကျမှု ကြောင့်တခြားကျွန်းများထက် စည်ကားသိုက်မြိုက်၏၊ ထို့ကြောင့်လည်းကုန်သည်များ နှင့် ပညာတတ်များကို တောကျွန်းမှာပင် ပို၍ပို ၍မွေးထုတ်နိုင်၏။

ရေအဏ္ဏဝါပင်လယ်ပြင်ကြီးတွင် ဟိုတကျွန်းသည်တကျွန်းနှင့် ကျွန်းများပေါ် ထွန်း၏ စိမ်းလန်းသောသစ်တောဂနိုင် တောင်ဂမူးများ လူသူကင်းမဲ့ခါ ကျွန်းရိုင်းများမှာ လုပ်သမျှမအောင်မြင် ထင်တိုင်းမပေါက် မုန်းချက်နှင့်နှမ်းထွက် ကွာခြားလှ၍သာ ရင်ကာဗ္ဗန္တနှင့်ဂေါင်းကြီးရွာမှပါ တခါတည်းစွန့်လိုကြလင့်ကစား ကျွန်းသူကျွန်းသား ရပ်သူရပ်သားများကား ခေါင်းဆောင်ဦးဂေါင်း–– ကိုအစွဲပြုသည့်ခေါင်းကြီးရွာကိုမစွန့် ခွာလိုကြ။ ဦးဂေါင်းကြီးကား ရခိုင်ပြည်ကံဆိုက် မိုးမှောင်မှ လှေ ၅ဝနှင့် ရေအဏ္ဏဝါလှိုင်း လေကြီးထဲဖြတ်ခါ စွန့်စားခဲ့ကြသူများအနက် သွားလေသူ တပ်မင်းကြီးကဲ့သို့ ဦးစီး ခေါင်းဆောင်တဦးပင်ဖြစ်၏။

တဖန်ရခိုင်ပြည်ကြီးသို့ ရေပင်လယ်မှပင် စွန့်စားပြန်သွား၍ ဆွေမျိုးညာတိ ကာ ရခိုင်များကို ဤကျွန်းဤဒေသသို့ ဆောင်ယူခဲ့၏။

ဒါးလက်နက်ကိုင်စွဲကာ ကျွန်းရိုင်း မြေရိုင်း ဒေသရိုင်းကို မတွန့်မဆုတ်မ ကြောက်မရွံ့ ခုတ်ထွင်ရှင်းလင်း၍ ရပ်ရွာပြုစုပျိုးထောင်သူတဦးဖြစ်၏။

ဦးဂေါင်းကြီး၏စွမ်းရည်နှင့် အမြော်အမြင်ရှိမှုတို့ကြောင့် ရင်ကာဗလီ ကျွန်းမှ ရွာကိုပင် ဂေါင်းကြီးရွာဟု အမည် ပေးခဲ့ကြရ၏။

ထိုသို့သောအာဇာနည်ဦးဂေါင်းကြီးကား နှစ်လတာရှည် ဖွဲ့နံဘေးကြီးစွာနှင့် တည်ထောင်ရသော ကိုယ့်ရပ်ရွာကို ဆားငံရေရန်သူကြောင့် အစွန့်ကြီးစွန့်ခဲ့၏။

၁၁၉၈–ခုနှစ်နတ်တော်လဆုတ် ၅–ရက်နေ့မှာ လကျ်ာဘက်ကျွန်း၏ လကျ်ာဘက်ရွာကို တည်ထောင်ကြသည်။

သို့သော်ခေါင်းဆောင် ဦးဂေါင်းကြီးကား ထိုသို့ရွာမတည်မီ ရင်ကာဗလီမှ စွန့်ထွက်၍ ထိုလကျ်ာဘက်ကျွန်းသို့ စရောက်သည့်၌ ၁၁၉၆–ခုတပေါင်းလတွင်မှာပင် ဘဝတပါးပြောင်းသွားရှာသည်။

ရင်ကာဗလီကျွန်းဂေါင်းကြီးရွာမှာသာ ထိုသို့ကွယ်လွန်ပါမူ ဦးဂေါင်းကြီးအား နောက်ဆုံးလေးစားရှိသေသောအားဖြင့် တခမ်းတနားသင်္ဂြိုလ်ပြီး ကောင်းရာသုဂတိသို့ ရောက်ရာရောက်ကြောင်း ကြီးစွာသော အမျှကုသိုလ်ပေးနိုင်ကြမည်ဖြစ်သော်လည်း ယခုမှသာ ဘာမှန်းညာမှန်းမသိသေးသော ကျွန်းရိုင်း၊ တာရိုင်း၊ မြေရိုင်း၊ ဒေသရိုင်းတခုသို့ ခရီးရောက်မဆိုက်မှာပင် ခေါင်းဆောင်ကြီးဘဝတပါး ပြောင်းသွား ခြင်းဖြစ်၍ ကျွန်းသူကျွန်းသားတို့သည် မချိတင်ကဲနှင့် တော်စွာလျှော်စွာသင်္ဂြိုလ်ကြ၏၊ နောင်ဤကျွန်းတခွင်သက်မွေးဝမ်းကျောင်း အိုးအိမ်ထူထောင်သူများက ဤခေါင်း ဆောင်ကိုပြန်လည်သတိရကြ၍ အထိမ်းအမှတ်ဖြစ်ကြစေခြင်းငှာ မထင်မရှားသောမှတ် တိုင်ကလေးတတိုင်ကို ခေါင်းဆောင်ကြီးအား မြုပ်နှံရာ၌စိုက်ထူထားကြ၏။

ဦးဂေါင်းကြီးမရှိပြီးသည်နောက် လကျ်ာဘက်ရွာကိုတည်ထောင်ထားခဲ့ကြသည်တွင် ဦးဂေါင်းကြီးအစား အယောင်ဘ ကို အကြီးအကဲရွာအုပ် ကျွန်းအုပ်အဖြစ် တင်မြှောက်ကြ၏။

ဘင်္ဂလားပြည်အနောက်မြောက်ကျွန်းစုတပိုက်သို့ ဘင်္ဂလားပင်လယ်အော်မှ ဖြာထွက်လာသော မြစ်ကြီးမြစ်ငယ် အသွယ်သွယ်ရှိရာ၏၊ လကျ်ာဘက်ကမ်းခြေကို အစွဲပြု၍ လကျာ်ဘက်ရွာဟုခေါ်ဝေါ်ကြခြင်းဖြစ်၏။

## အရှေ့အိန္ဒိယ

အင်္ဂလိပ်တို့၏ ယူနီယံဂျက်အလံသည် လေထဲတလူလူဝင့်လျက်ရှိ၏။

မင်းကြီးမစ္စတာ ဟာလ်မဒ်သည်၄င်း ရုံးဝန်ထောက်ချုပ် ကတ္တိန်ဒက္ကိဆင် သည်၄င်း မင်းခမ်းမင်းနားဖြင့် အင်း ပေါက်ကျွန်း စစ်တွေမြို့တွင် ရုံးစိုက်လျက်ရှိ၏။

စစ်တွေမြို့တောင်ဘက်အစွန်းပင်လယ်ကမ်းစပ်မှာနေ၍ ပင်လယ်ပြင်သို့ရှု မျှော်ကြည့်မိလျှင် ဖြူဖြူဖွေးဖွေး ရွက်ကလေးတွေ ကိုယ်စီနှင့်ပင်လယ်ပြင်တွင် ဟိုမှသည်မှလူးလာခပ်လျက်ရှိ၏။

များသောအားဖြင့်ထိုလှေများမှာတရွာမပြောင်းသူကောင်မဖြစ်သည့်စိတ်ထားနှင့် သတင်းစကားကြားသိကြရသော ဘင်္ဂလားအဝကျွန်းဘက်ဆီသို့ ဦးတည်ရွက် ဖွင့်ကြသည်။

အင်္ဂလိပ်တို့သည် ရန္တပိုစာချုပ်အရ ရခိုင်ပြည်ကိုသိမ်းပိုက်မိသည်။ ချက်ချင်း ရခိုင်မင်းဆက်အလီလီစိုးစံခဲ့ရာ မြောက်ဦး၌ အုပ်ချုပ်ရေးဌာနမဖွင့်လှစ်ဘဲ စီးပွားရေးကူး သန်းရေးအချက်အရာကျရာနှင့် ကောင်းမွန်ရာအင်းပေါက်ကျွန်းတွင် စစ်တွေမြို့ကို တည်၍ အုပ်ချုပ်ကြသည်။ ရခိုင်ပြည်ငြိမ်းချမ်းရေး လွတ်လပ်စွာစားသောက်လုပ်ကိုင် ရေးကို အဓိကထားဦးတည် ဆောင်ရွက်လာသည်။

အမှန်အားဖြင့် အင်္ဂလိပ်တို့သည် စီးပွားရေးအမြင်အားဖြင့် ဗမာနှင့်စစ်ဖြစ်ပြီး စီးပွားရေးအရပင်လျှင် ရခိုင်ပြည်ကို သိမ်းပိုက်ခြင်းဖြစ်ရကား စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးကို အဓိကထားလက်ခံခြင်းဖြစ်သည်။

ထိုမျှမကသေး ဗမာရှင်ဘုရင်နှင့် စစ်ဖြစ်ရေး စစ်ရှုံးသည့်ဗမာနှင့် ရန္တပိုစာချုပ် ချုပ်ဆိုရေးတို့၌ အင်္ဂလိပ်ကုန်သည်များ စုပေါင်းထားသော အရှေ့အိန္ဒိယကုမ္ပဏီပင်လျှင် အင်္ဂလိပ်တို့၏ယူနီယံ ဂျက်အလံလွှင့်ကာ ကမ္ဘာနှင့်အဝှမ်း နယ်ချဲ့လာခြင်းဖြစ်သည်။

အစပထမသော် အိန္ဒိယပြည်ကြီးနှင့်တကွ ဘင်္ဂလားပင်လယ်အော်သို့ ပေါ်တူဂီတို့၏ ရေတပ်ကလွှမ်းမိုး၏၊ တရံသို့အခါက အီဂျစ်လူမျိုးတို့၏ ရေတပ်ကြီးကို ပေါ်တူဂီတို့ တိုက်ခိုက်အောင်နိုင်ခဲ့သည်နောက် အိန္ဒိယပြည်ပိုးဝါမြို့ ကိုတည်ဆောက်၍

ဇမ္ဗူမှာတလူလူရှိခဲ့၏၊ သို့သော်ပေါ်တူဂီတို့သည် အိန္ဒိယပြည်နှင့်စီးပွားရေးဆက်စပ် မှုကိုမဆောင်ရွက်ခဲ့ဘဲ ရေတပ်ရောင်ရှိန်နှင့်သာ ဂုဏ်ယူခဲခြင်းဖြစ်၏။ ထို့နောက်တစ တစ ကြီးထွားလာသော ဒပ်ချ်လူမျိုးတို့သည် ကမ္ဘာအနှံ့ စီးပွားရေး တွင်ကျယ်လိုမှုတို့ ကြောင့် ပေါ်တူဂီကဲ့သို့ပင် ရေတပ်များထူထောင်ဖွဲ့စည်းကာ စီးပွားရေးနယ်ချဲ့ကြပြန် သည်တွင် ပေါ်တူဂီတို့ထက် တွင်ကျယ်လာကြ၏။ ဒပ်ချ်စီးပွားရေးသမားများသည် ဒပ်ချ် အရှေ့အိန္ဒိယကုမ္ပဏီကြီး ဖွဲ့စည်းတည်ထောင်လျှက် အင်္ဂလိပ်၊ လာအော်ဒေသ တိုင်းပြည်များဘက်သို့ ရောင်းဝယ်ဖောက်ကားလာသည်တွင် အင်္ဂလိပ်စီးပွားရေးသမား ကုမ္ပဏီများသည်လည်း အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီကြီးကို စင်ပြိုင်တည်ထောင်၍ စီးပွားရေး ကျက်စားလာခြင်းဖြစ်သည်။

အိန္ဒိယပြည်ကို စိုးစံနေသောတူရကီရှင်ဘုရင်ကိုင်ငှင်း၊ များလှသောအိန္ဒိယ နယ်စားပယ်စား မဟာရာဂျာများ ကိုင်ငှင်း မြှောက်ထိုးပင့်ကော်လုပ်ခြင်း အင်္ဂလိပ်အား မုန်းတီးသူမဟာရာဂျာများကို နန်းမှချပစ်စေခြင်း အင်္ဂလိပ်အလို တော်ရိမျာ းကို၊ နန်းတက်စေခြင်းမညီမညွတ်သောပြည်နယ်များကို အဓမ္မတိုက်သိမ်းယူခြင်းတို့ဖြင့် နယ် ချဲ့သိမ်းပိုက်ပြီး တဖန်ထို ထိုတိုင်းပြည်များနှင့် စီးပွားရေးချုပ်ကိုင်ထားပြန်သည်။

ထိုသို့ကြောင့်အရှေ့အိန္ဒိယကုမ္ပဏီပင်လျှင် ယူနီယံဂျက်အလံကို လွှင့်လျှက်စီး ပွားရေးနယ်ချဲ့လာခဲ့ရကာ ယခု စစ်တွေမြို့တွင် သူတို့အလံလွှင့်ထူနိုင်ငံပေပြီ။

စီပွားရောင်းဝယ်ဖေါက်ကားရေးနှင့် ထိုအရေးမှ အမြတ်အစွန်းကြီးရရေးတို့ ကြောင့် ရခိုင်ပြည်၌လယ်ယာစိုက်ပျိုးမှုနှင့် ထိုမှထွက်သော စီးပွားရေးရောင်းဝယ် ဖေါက် ကားမှုကို အသာပေးဆောင်ရွက်လာ၏၊ မြေယာစိုက်ပျိုးရေးစနစ်နှင့် မြေယာပိုင်ဆိုင်မှု များကို အားပေးအားမြှောက်ပြုလာ၏။

ရခိုင်တို့၏ ပဒေသရာဇ်သက်ဦးဆံပိုင်စနစ်တွင် မြေရှင်စနစ်ကိုအစားထိုးလာ ခြင်းပင်ဖြစ်တော့၏။ ရှင်ဘုရင်နှင့် မြို့စားနယ်စားတို့၏ သက်ဦးဆံပိုင်တချက်လွှတ် အုပ်ချုပ်မှုကွယ်ပျောက်သွားရပြီး မြေရှင်များ၏အုပ်ချုပ်ရေး၌ တွင်ကျယ်စေမှုဖြစ်လာ၏။

အင်္ဂလိပ်မြန်မာစစ်ပွဲချိန်တုန်းခဲ့က ရခိုင်ပြည်အား စစ်တကောင်းနယ်စပ်မှ ဝင် ရောက်တိုက်ခိုက်ခဲ့သော အင်္ဂလိပ်စစ်ဗိုလ်ရောဘတ်ဆင်သည် ရခိုင်မျိုးချစ်များနှင့် ရခိုင်ပြည်သူလူထု၏ အကူအညီကိုများစွာယူခဲ့ရ၏။ အင်္ဂလိပ်ဘုရင်မ ဝိတိုရိယကိုယ်စား ရောဘတ်ဆင်ကပင် အင်္ဂလိပ်မြန်မာစစ်ပွဲပြီးသောအခါ ရခိုင်ပြည်ကိုလွတ်လပ်ရေး ပေးမည်ဟူ၍အာမခံခဲ့၏။

သိန်ကန်မိန်တွင် ဆယ့်နှစ်ခွင်ကို လွှမ်းပင်စည်မြင့်၊ ကြာရှည်တာအကူး တပေါင်းမင်းလွင်၊ ရွှက်ကျင်တောင်လေမြူးက၊ ပြိုက်သွယ်ခူးစီးသွယ်ဖြာ၊ မတက်သရွေ့ ဤအထွေထွေကို၊ ကြည့်လေသမျှသာတည်း၊ ပင်တိုင်းမှာရွက်ညှာကြွေ၊ လေပြင်း ခတ်လိုက်၊ ပရစ်ရစ်ဝေဝေနှင့်၊ ငှက်ရွှေမောင်နံ့ ပန်းနှစ်ခက်ကို၊ ယူလျှက် နှုတ်ဝယ်ငုံ၍၊ စာခွံ့တုံ့ရှင်နှစ်လို့၊ တထူးထွေလာ ဘာသာလူလို၊ မကိုနှုတ်ဖြင့်တို့၍၊ ဤသို့ချစ်ဖွယ် ဆင် ရာသီဆယ့်နှစ်လမ်း၊ ငြမ်းလိုအညီ မိဘာသီပင်ရှေ့ဆီမြင်သော်၊ စက်ခွင်မှာ ယောင်ယမ်းခဲ့ ထောက်လှမ်းမစာနာ၊ ပညာအတု၊ မြတ်သူကြည့်မှန် ကြာလေဟန်မှု၊ သူရတန်မင်း၏ ရင်သွေးဒန်ရမာဇာလီ၊ ဒူရာဘီနှင့်၊ ချစ်ညီတူကြရေးကို နောက်မေး မလျှောက်လို၊ နေလည်းနှစ်ဆင့် နှစ်ပွင့်စုံညီ၊ မဒ္ဒီရှေးအဟိုတို့ တောင်ကျွန်းညို လောကခေတ်၊ တိုင်းမဇ္ဈိမ၊ ယင်းကဖြာသည်၊ ရာဇာမျိုးရိုးမြတ်၏ ဆက် မပြတ်သိမ်းယူပြန်၊ ဘီကအဆက်နွယ်မပျက်သည်၊ ကနက်ဖြန့်ကာခံ၏။ ရှစ်တန်ပလ္လင်ရိုး ဘိုးကဆက်ခံ---။

စသောကျိုးလိုက်ရတုပုဒ်စုံကိုမျောက်သားတော် သုဝဏ္ဏဒေပီက မောင်ဘုရား သိဂီရာဇာ မင်းသားထံသို့ ပို့ဆက်ခဲ့၏၊ မောက်သူဇာဒက္ကာစသော ဘင်္ဂါလီဆယ် နှစ်မြို့ကို သိမ်းယူပြီးသော သိဂီရာဇာမင်းသားသည် စစ်ရှုံး ဘုရင်သူရတန်ကုလား မင်း၏ ဒန်ရမာဇ ဒူရာဘီသမီးတော်နှစ်ပါးနှင့် သုံးနှစ်သုံးမိုးစိုးစံမိန်မိုးနေရာမှ မျောက်သားတော်၏ လျှိုးလိုက်ရတုစာသဝဏ်လွှာကြောင့် ပြန်လည်သတိရခါ ဓညဝတီ မြောက်ဦးဆီသို့ပြန်ခဲ့၏။

ထိုရောအခါ၌လည်း ရခိုင်မြို့စား၊ နယ်စား၊ စစ်သူရဲမက်တို့သည် မောက် သူဇာ ဒက္ကနှင့်တကွ ဖလောင်းချိပ်၊ မဟာစိုး၊ ပင်းဝါတခွင်တွင် အတည်တကျ ရွာသစ်ပြည်သစ်ထူထောင်နေခဲ့၏။

မြောက်ဦးမြို့အနီးလက်ကြွေတောင် ဝမ်းတိတောင်နှင့် ရှင်ငယ်တက်တောင် တို့၌ စခန်းချနေထိုင်ခဲ့သော ဓါးပြညီနောင်တို့၏ လက်ချက်ဖြင့် ကံကုန်ခါနီး (နန်းကျ) ဘုရင်ကြီးသည် လိုင်းဂူတော်တွင်း ဘုရားရုပ်ပွားတော်ထံ သွေးနှင့် သစ္စာဆိုခဲ့ဘူးသည် ဟူ၍ အဆိုးရှိခဲ့သောလောင်းကြက်စား ကေသလသည် သီရိသုဓမ္မရာဇာ၏ မိဘုရား နတ်ရှင်မယ်နှင့် ရည်ငံသည်နှင့်အညီ ဘုရင်ကို သူ၏အင်းအိုင် မန္တာန်အတတ်ပညာ ဖြင့်သတ်လိုက်၏။ ကေသလရှင့်ဘုရင်ဖြစ်လာသောအခါ များလှစွာသော မူးများ၊ မတ်များ၊ ပညာရှိများ၊ သူဌေးသူကြွယ်နှင့် စစ်ကွပ်ဆရာတော်ကြီးတို့သည် အသတ်မခံအဆုံးမခံဘဲ၊ မောက်သူဇာ ဘက်ဒက္ကာရှိရာ အနောက်သို့ ထွက်ပြေးခဲ့ ကြလေ၏။

နောက်ဆုံးရခိုင်အပျက် ဘိုးတော်လက်ထက်မှာကား ထောင်သောင်းချီ၍ အနောက်ပြည် ဖလောင်းချိပ်ဆီသို့ ရခိုင်အမျိုးသားများ ပြေးဝင်ခဲ့ကြရ၏။

ထိုသို့ကြောင့် မောက်သူဇာ၊ မဟာစိုး၊ ပင်းဝါတို့တခွင်နှင့်ပင်လယ်ဘက် ကျွန်းကြီးကျွန်းငယ်တို့တွင် ရခိုင်အမျိုးသားများ ဒုထည်ကြီးမားလာခဲ့ရ၏၊ တောရိုင်း မြေရိုင်းများ ခုတ်ထွင်ခြင်းဖြင့်ရွာကြီးရပ်ကြီးများထူထောင်ခဲ့ကြ၏။

သူတို့သည် ရခိုင်အမျိုးသားများဖြစ်သည်နှင့်အညီ အတိက်ကာလ မျောက်သားတော် သုဝဏ္ဏဒေဝီ၏ လျှိုးလိုက်ရတုကြောင့် သိဂီရာဇာမင်းသား တိုင်းပြည်သို့ပြန်ရသည့်နည်းတူ ထိထိဒေသရှိ ရခိုင်အမျိုးသားတို့သည်လည်း မျိုးချစ် စိတ်ဇာတိသွေးဇာတိမာန်စိတ်တို့ဖြင့် လွတ်လပ်သာရခိုင်ပြည်ကိုသာ လိုချင်တပ်မတ် မျှော်ကိုးဝင့်လင့်ကြ၏။

သို့ကြောင့်လည်း ကပ္ပတိန်ရောဘတ်ဆင်၏ ရခိုင်ပြည်လွတ်လပ်ရေးဂတိအရ ထိုဒေသမှ ရခိုင်အမျိုးသားများစွာပင်

အင်္ဂလိပ်နှင့်ပူပေါင်း၍ အင်္ဂလိပ်မြန်မာ စစ်ပွဲတုန်းက ရခိုင်ပြည်ရောက်သိမ်းပိုက်ခဲ့ကြ၏။

ထိုစစ်ပွဲပြီးသောအခါ ရခိုင်အမျိုးသားများစွာတို့သည် လုပ်စားကိုင်စားများစွာ အကျိုးဖြစ်ထွန်းသော အနောက်ပြည်ဘက်သို့ အကြီးအကျယ်ရွှေ့ပြောင်းသွားကြ ကုန်၏။

အဝကျွန်း

တောကျွန်းကို အလယ်ဗဟိုရိုပြုလျှက် ရင်ကာဗလီ၊ မိုဃ်းဒုပ္ပိ၊ ဗန္ဓလီ၊ ကံဆိုက်လက်ျာဘက်ဂေါင်းကြီး ဂန့်ဒရံစသော ကျွန်းကြီးကျွန်းငယ်အသွယ်သွယ်သော အဝကျွန်း(ဝါ) ဘင်္ဂလားအဝကျွန်းတခွင်သည် ဘင်္ဂလားပင်လယ် အော်ထဲတွင် ဘင်္ဂလားမြို့တော် (ကလကတ္တား)နှင့် မနီးလွန်းမဝေးလွန်းဘဲ ပင်လယ်အော်မှာ စီးထင်းလားသော မြစ်ကြီးမြစ်ငယ်တို့ ရစ်ပါတ်ခွေပိုင်လျှက်ရှိသည် မြင်မြင်သမျှ ကျွန်းစု ကျွန်းငယ်တို့သည် သဝ်ညဏကသက်မဲ့မဟုတ်တော့ သွေး၊ ချွဲ၊ ဖွဲ့ကိုအရင်းခံကာ သဘာဝအရိုင်းကိုတော်လှန်ခဲ့ကြရသော ရခိုင်အမျိုးသားတို့၏ လယ်ပြင်ယာတောနှင့် ရပ် ရွာ ဇနပုဒ်များအဖြစ် ပြောင်းလဲလှုပ်ရှားလာခဲ့ချေပြီ။

လွတ်လပ်သော ရခိုင်ပြည်ကိုရလိုမြင်လိုသော မျိုးချစ်စိတ်ကြောင့်လည်း ကပ္ပတိန်ရောဘတ်ဆင်နှင့် ပူးပေါင်း၍ ရခိုင်ပြည်ကို ပြန်တိုက်ယူခဲ့ကြလေပြီး သို့သော်တိုးတက်လာသော လောဓါတ်ပညာနှင့် စီးပွားရေးနယ်ချဲ့လာသော အင်္ဂလိပ် အရှေ့အိန္ဒိယကုမ္ပဏီ၏ လောဘရမက်နှင့် ရခိုင်ပြည်လွတ်လပ်သည် ဖီးလာကန့် လန့်ကြီးသာ ဖြစ်တော့ရကား ဂတိမတည်သောအင်္ဂလိပ်နယ်ချဲ့တို့ကို တော်လှန်ရန် စီမံကြရပြန်တော့၏။

နောက်သားနောက်လာ၊ နောက်ပါတို့၊ ဆရာသုံးလက်၊ ရှေ့ကတက်၍၊ အသက်ဟူရာ၊ သတ္တဝါ၌၊ တခါတရံ၊ အဘိုးတန်၏၊ တခါတရံ၊ ဆိုတံ့ပါလည်း၊ သူသာလာလျှက်၊ ဘိန်ပ်စက်က၊ အသတ်ထိုခါစိုးမရရှင့်၊ ပြည်ရွာတိုင်းကား၊ မျိုးလေးပါးတို့၊ တရားမမှန်လိုလျှင်ကြံက၊ အမှန်မုချ၊ သက်စွန့်ကြလော၊ ဓမ္မလမ်းမှန်၊ တောင်းဆိုခံလျှက်၊ ပိုက်ဆံစား၊ လိမ်လှည့်ထားသော်၊ နောက်သားတဖန်၊ သည်းမခံနှင့်၊ နိုင်ငံတကာဟူရာရာ၌၊ အသက်ကိုလှီး၊ သွေးချောင်းစီးမှ၊ ကိုယ့်မျိုးကိုယ့်ပြည်၊ ကိုယ့်ဌာနေကို၊ ရလေးဘူးစာ၊ ဤလောကသည်၊အောက်ကျမခံနိုင်သောကြောင့် ဟူသောမြို့ သူကြီးအောင်ကျော်ဇံ၏ သေတမ်းစာသည်၄င်း။

ဥဒါန်းမကြေ၊ ဖြစ်ရလေခြင်း၊ တိုင်းပြည်ကိုမှောက်၊ တကျိပ်ခြောက်တို့၊ ယွင်းဖောက်သစ္စာ၊ သူတို့မှာကား၊ ဝမ်းစာစားခွက်၊ တထပ်တွက်ကို၊ တသက်စာထင်၊ခွေးအမြင်ကြောင့်၊ တိုင်းခွင်သာစည်၊ ငါတို့ပြည်သည်၊ သူ့ပြည်ဖြစ်ရ၊ ဝမ်းနည်းစွတည့်၊ မိဘဆရာ၊ ပေါရဏတို့၊ ဝေါဟာထုံးဟောင်း၊ လူဘူးတောင်းကို၊ မပေါင်းဖေါ်ရာ၊ ဆိုတုံပါလည်း၊ မေ့ကာသတိ၊ ပေါင်းဖေါ်မိ၍၊ လက်ရှိဒုက္ခ၊ ငါ ကြုံရ၏၊ ဘဝတစစ်၊ လူပြန်ဖြစ်၍၊ အသစ်ခုပင်၊ ကြံစဉ်ချင်သည်၊ ဘယ် တွင်မမေ့သာသောကြောင့်၊ ဟူသောဒေးဝန်းအောင်ကျော်ရီ၏ ကြုံမရ၊ တမ်းတချက်သည်၄င်း။

မင်းသားအမှန်ငါလျှင်ကြံကား၊ နိုင်ငံအတွက်၊ ကိုယ့်အသက်ကို၊ ရက်ရက်စွန့်ခွာ၊ ကုလားရွာ၌ ခန္ဓာရုပ် ဟောင်း၊ ဘဝပြောင်းခဲ့၊ ဖြစ်ကြောင်းသံသရာ၊ သတ္တဝါတို့၊ မှန်စွာသေတတ်၊ သူမသတ်လည်း၊  မချွတ်တခါ၊ သေအံ့ ရာတည်း၊ ကမ္ဘာတာရှည်၊ သူတို့သည်လည်း၊ အတည်မစိုး၊ ငါမြေတိုးလည်း၊ အရိုးတခါ၊ တွန်လိမ့်ရာ၏၊ နောင်လာနောက်သူ၊ ရခိုင်လူတို့၊ အယမပြောင်း၊ ငါ့လမ်းကြောင်းကို၊ ကောင်းကောင်းလိုက်လာ၊ တိုင်းဓညာကို၊ တခါ မုချ၊ ငါတို့ရအံ့၊  လုံးလရှေ့ခံ၊ လိုလျှင်ကြံက၊ နိဗ္ဗန်မချွတ်၊ လက်ဝါးခတ်သည်၊ စွဲမှတ်ဤခါသေတမ်းစာတည်း၊ ဟူသော မင်းသားကြီးရွှေဗန်း၏ သေတမ်းစာသည်၄င်း၊ တော်လှန်ရေးမှ ကျန်ရစ်ခဲ့ရှာသော အမွေအနှစ်များပင်ဖြစ်တော့၏။

သစ္စာဖောက်တို့လက်ချက်ကြောင့်နယ်ချဲ့တော်လှန်ရေးကျဆုံးခဲ့ရသည်သာမကသေး ထိုတော်လှန်ရေး ခေါင်းဆောင်၃– ဦးမှာလည်း နယ်ချဲ့တို့၏ဖျောက်ဖျက်ခြင်းခံ သွားရရှာကြ၏။ မြို့သူကြီးတို့၏တော်လှန်ရေးကို နှိပ်ကွပ်ပြီးသည့်နောက် နယ်ချဲ့ သမားတို့အသက်သွင်းလာသော လယ်ယာမြေ ပိုင်ဆိုင်မှုခေတ်ဦးသည် တချိန်တည်းတိုး တက်လာ၏ လယ်ယာစိုက်ပျိုးမှု စိုက်ပျိုးရေးမှ ထွက်ကုန်များရောင်းဝယ်မှုနှင့် မြေရှင်စ နစ်ခေတ်ဦးကြောင့် ရခိုင်ပြည်ကား ငြိမ်ဝပ်ပိပြားနေဘိ၏၊ မြေရှင်စနစ်အသက်ရှည် ရေးအတွက် မဒရပ်မှငွေချေးကျွမ်းကျင်သော ချစ်တီးကုလားများကို နယ်ချဲ့သမားက အတိုးအနည်းငယ်နှင့် ထုတ်ချေးခေါ်လာပြီး၊ ရခိုင်ပြည်ပေါ် မြေရှင်စနစ်တွင်တဖန် ချစ်တီးတို့က အတိုးကြီးဖြင့် ထုတ်ချေးစေ၏။ ဤနည်းဖြင့် လယ်ယာလုပ်ငန်းတိုးချဲ့ခဲ့၏။

အဝကျွန်းတခွင်သို့ သေကံမရောက် သက်မပျောက်ဘဲရောက်ရှိခါ လယ်ယာ လုပ်ကိုင်စားသောက်သော ရခိုင်သားတို့အား အင်္ဂလိပ်နယ်ချဲ့သမားသည် ဗမာနှင့် စစ်မဖြစ်မီကဆိုလျှင် နှစ်ပေါင်းတရာ၊ တရာကျော်မျှထိ အခမဲ့ထွန်ယက်စားသောက် စေခဲ့၏။ မြေခွန်မြေခ ကျွန်းအုပ်ကျွန်းချုပ်များကို ချီးကျူးမြှောက်စား၏၊ အဝကျွန်းသူ ကျွန်းသားများ၏ ဖွဲ့လုံ့လဖြင့် ပင်လယ်မသားတွင် နေချင်စဖွယ် လယ်သမားဗိ မာန်ကြီးများဖြစ်ခဲ့ချေပြီ၊ သာတောင့်သာယာ ရှိခဲ့ချေပြီ၊

မနေဝံ့က၊ ပန်းနံ့ရိပ်ခို၊ လှမယ်ပျိုမှာ၊ ရေချိုပြုံးပြုံး သွားသံ့န္တာလေ၊ ပုဝါဖုံးကယ်၊ မျက်လုံးရေချိူး၊ ပရိယာယ်လေ၊ ချစ်ဆွေပြောလို့ စကားဆုံကာ၊ ရွှေတော်မောင်လှ၊ နှုတ်သံချိုကော၊ ပျိုနှမလေ၊ ဗာရာဏမည်၊ မောင်တို့ပြည်မှာ။ မွေးသည့်မိခင်။ ရွှေနို့ရှင်က။ ဘွားမြင်အစ နားမလည်က။ ငယ်သိသိနှင့်။ ဇာတိကပင်။ မိမ္မဟုဆို။ လှနဂိုရ်လေ။ အပျိုကိုထား။ ဇရာအိုကော။ ဒါအိုများကို၊ စကားတောင်းပင်၊ မယ်အမြင်လေ။ မောင်လျှင်တထူး ယခုဆိုလေ။ ဤလေကမှာ မပြောဘူးလေ။

ငြိမ်းချမ်းသာယာသောအဝကျွမ်းကျေးရွာတရွာ၏ မောင်ကမယ့်ကို လူးပျိုလှည့်သံချိုတပုဒ်။

ချစ်လှမရယ်သံသာ ခေါ်ခြင်းရာလေ မာလာယုကျွန်းမှိုင်း ဝေဝေလေးသီတာ ကမ်းမှာ ဘီလူးဂုံမာဏ် အတန်တန်လည်း ဆီးလေမောင်ကြီး။ သိကြားယဉ်မှာကိုယ် တိုင်စီးလို့၊ ပျိုကြီးရာမောင်ကြီးလာလေ ထပါနှမ မြတ်လေစုးလည်း မဇ္ဈျဝန်းကို၊ နန်းမဝလေ။

နန်းမဝကေ မြစ်မကျယ်စွာ ယမုံနာလည်း မောင်လာစဉ်က နတ်နှင့်တူလေ ရေသူမကို လမ်းပြကာညွှန်းသတင်းသံကို ကြားပြန်ကာလ စိတ်ကိုဆယ်လည်း ဖြေမရဘဲ မယ်လှရှိရာ မောင့်လိပ်ပြာလည်း လွှယ်ကာယခုတတ် ကြာညောင်မှာ လက်ဆောင်ပြု လို့။

သာယာတောဓလေ့၏သဘာဝ လူပျိုကအပျိုလှည့်၍ ချစ်ရေးဆိုကာ ချစ်သံ နှောပြီး ချစ်ရေးဆိုကာ ချစ်သံနှောပြီး ချစ်ပွဲဆင်၏ ဘဝတာအတွက် ရှန်းကန် လုပ်ကိုင် ကြရသော အကျွန်းသူအကျွန်းသားတို့၏ အပျိုလူပျိုတို့ကား တဦးကို တဦးယုယ ခင်မင်ကာ ရာသက်ပန် ရိုးမြေကျ ပေါင်းဖေါ်မည့် ကြင်ဖေါ်ကြင်ဖက်ကို အထက်ပါ ညှူးနည်းလှဲ့နည်းချွဲနည်းဖြင့် ရွေးချယ်ကြ၏။

မယ်ပျိုကလည်း ဖိုသံပေး၍ အိမ်အလည်လာသည်ကို လူပျိုအား ရခိုင်ရိုး ရာမှုံဟင်းညွန့်ကို ပြုပ်သီးအပိုင်းပိုင်းပဲ့ ငါးပိများများထည့်မြေအိုးနှင့်ဆီမပါဘဲ အိုးပါးချက် ကျွေး၏။

အဝကျွန်းသူပျိုဖြူတို့ကား ရခိုင်ပီပီအိမ်တွင်းပုန်း၏ မြင်ချင်တိုင်းမမြင်ရ မိဘစ ကားနားထောင်ကြရ၏၊ သူမတို့၏ ဘဝကံကြမ္မာကို မိဘအုပ်ထိန်းသူတို့က ဆုံးဖြတ် ပေး၏ တပေါင်းလဘုရားပွဲတော်မှသာလျှင် ပျိုဖြူတို့သည် အလှ အတွက် အစွန်းကုန် မှန်သချယ်လှယ်ကာ ဆွမ်းကြီးလောင်းပွဲကျင်းပ၏၊ ထိုသို့အခါမှ အကိုကာသားများက ကျူကြရပြီး ညအချိန် အထက်ပါသီချင်းဖြင့် သွားသွားလူပျိုလှည့်ကြ၏။

ပညာပေါ်ထွန်း အဝကျွန်းမြေ စောင့်ရှောင့်ပေးရှင်နတ်များ မာယာဆောင်ငြား နတ်သိဂီသူရသဿတီတွင် နာမနတ်ရှင် ဒေဝစုံအညီ ထိပ်တက်လက်စုံပဏာပြုလို့ သား၏ အလား ထင်မှတ်လေ မောင်တော်လှေအောင်စေကြောင်း၊ ဆုတောင်းကြလေ။

အတာကူးသည့်တန်ခူးလရာသီ၏ ပိတောက်ကြိုင်သင်း သင်္ကြန်တွင်း၌ အဝကျွန်းမှာ လှေပြိုင်ပွဲကျင်းပလေ့ရှိ၏၊ တမိုးတဆောင်းတနွေလုံး စီးပွားလုပ်ကိုင်ခဲ့၍ အလုပ်များကြသရွေ့ တန်းခူးလ သင်္ကြန်တွင်းမှာ ပျော်ပွဲရွှင်ပွဲအဖြစ် လှေပြိုင်ပွဲ ကိုဆင်နွဲကြ၏။

ချောင်းကမ်းနဖူးများတွင် အလှပျိုဖြူတို့ ဝတ်စားဆင်ယင်ခါဖြင့် ကိုယ်ရပ်မှ ကိုယ့်လှေနိုင်ပါစေကြောင်းကမ်းနဖူးညွတ် အားပေးကြ၏၊ ကိုယ့်ရွာမှပြိုင်လှေကို တရွာလုံးသား အားပေးကြ၏၊ ပြိုင်လှေဆရာ အကိုကာလသားတို့ကလည်း အထက်ပါသီချင်းတမြိုင်မြိုင်နှင့် ကခုန်ကြခါ ဆယ်ပြန်သောအားနှင့် အနိုင်ကြဲကြ၏။

တချို့ကမူ

အောင်ပန်းကြက်သရေ ဝေဝေမိုးလို့၊ သာမောလှပမောင်တို့ရွာ၊ သာသနာ စည်ပင်ပြုလို့၊ အလှူဒါနဖွေးဖွေးဖြူ၊ ဘုရားရွှေဂူ ကျောင်းကန်များနှင့် နေ့ညမပြတ် သီလခံ၊ သာဓုခေါ်သံညံမစဲ၊ သဲသဲရိုက်လို့ ကြွက်ကြွက်ဆူ၊ ဇမ္ဗူဂူရေး၊ နှစ်နှစ်တခြား၊ သင်္ကြန်ခါ ဘဝစဉ်လာ လှေပြိုင်ပွဲကို၊ ပျိုမယ်တစုလာကြရင်၊ ပီတာဖခင်မယ် တော်မြတ်ကို၊ စကားပေါင်းချုပ် တိုင်ပင်လေ၊ ခင်တို့ဌာနီ ဘာမစိုးနှင့်၊ ရွှေစဝါရိုက် ပိုးအကျီ၊ ညီညီညာညာရှူလိုက်ကြ ပျိုဖြူမယ်။ စသည်ဖြင့် အဝကျွန်းလှေပြိုင်ပွဲ၏ ဘဝသဏ္ဍာန်ကို သရုပ်ဖေါ်သော သီချင်းကိုဖွဲ့နွဲ့သီကုံးကြ၏။ ဗုဒ္ဓဘာသာ သူတော် စင်ဖြစ်သည်နှင့်အညီ တန်ခူးလသင်္ကြန်ခါ၊ အလှူဒါန်းလည်းပြုကြ၏။

စီးပွားရေးဖြစ်ထွန်းသည်နှင့်အမျှ စားသောက်နေထိုင်ရေးလည်း ရောင်ချိဖွံ့ဖြိုး လာရကား သာယာငြိမ့် ညောင်းသော အဝကျွန်းမှာ ပျော်ရွှင်မြူးတူးကြရချေ၏တကား။

သို့သော်ဖြစ်ပြန်ပျက်ပြန် လောကဓံဆိုသော လောက၏ အဆုံးအမကိုအဝ ကျွန်းသည်လွှဲပြောင်းဆန့်ကျင်၍ ရနိုင်ပါမည်လော။

အဝကျွန်းကားပျော်ရွှင်ဖွယ်ရာကောင်းသော ကျွန်းပင်ဖြစ်နေတော့၏။

ပျက်ကိန်း

တပ်မင်းကြီးပျို့အောင်၊ သံတွဲမှအကျော်သော်ဒလီ၊ ဦးဂေါင်းကြီးနှင့် ရွာစားသံဦးတို့ စသော ရခိုင်သူရဲကောင်း ခေါင်းဆောင်တစု၏ ကြံဆစွန့်စားမှုကြောင့် ဘင်္ဂလားအဝကျွန်းဟူ၍ ဖြစ်လာခဲ့ချေပြီ၊ ကျွန်းသူကျွန်းသားများတို့လည်း ကောင်းကျိုး ချမ်းသာကြရပြီ၊ ဆယ့်နှစ်လရာသီများ၏ ဘာသာဘာဝ ပျော်ရွှင်မှုတို့၌လည်း ပျော်ရွှင် နိုင်ကြပေပြီ၊ အထူးသဖြင့် စိုက်ပျိုးရေး၊ စီးပွားရေး၊ ရောင်းဝယ်ဖောက်ကားရေးတို့ အောင်မြင်လှ၍ အဝကျွန်းမှာ တိုးတက်စည်ပင်ဝဖြိုးမြဲသာဖြစ်၏။

ထိုနေ့မှာ ၁၂၃၇–ခုနှစ် တန်ဆောင်မုန်းလ ၅–ရက်နေ့ဖြစ်သည်။

အေးချမ်းသော ဆောင်းရာသီဖြစ်သည်နှင့်အညီ ကျွန်းတခုလုံးကို အခေတ် ကဖုံးလွှမ်းထား၏၊ မိုးဦးမှစတင်စိုက်ပျိုးခဲ့ကြသော စပါးပင်များမှာ ဖူးပွင့်ရပေပြီ၊ တချို့ လယ်ကွက်များမှာမူ မှည့်၍ရွှေဝါရောင်ပင် တောက်နေပေပြီ၊ နေ့အချိန် လုပ်ငန်းဆောင် တာများပြီး၍ လယ်သမားများလယ်ပြင်ယာတောမှ ပြန်ခါ တနေ့အတွက်အားစိုက် ခဲ့ရသမျှ ညတွင် အနားယူအိပ်စက်ကြ၏။

တံငါသည်များမှာလည်း တနေ့လုံးပင် လယ်ပြင်တွင် ငါးဖမ်းကြရရာ အလုပ် သိမ်း၍ အိမ်တန်းတက်ကြလေပြီ၊ တကျွန်းလုံးတိတ်ဆိတ်အိပ်မောကျနေသော ထိုညဦး ပင် ဖြစ်တော့သည်တကား။

အချိန်မှာ တဖြည်းဖြည်းနှင့်ကုန်ဆုံးခဲ့၍ ည၈–နာရီသို့ရောက်ခဲ့ပေပြီ၊ ထိုအချိန် တွင်ပင် လုံးဝမမျှော်လင့်အပ်သော ပြင်းထန်သောတော်လှန်သံကြီးကြောင့် ကျွန်းသူ ကျွန်းသားများ လန့်နိုးကြတော့၏၊ ငေးမောကြောက်ရွံ့အံ့ဩမှု အဝဝဖြင့် အထုပ်အပိုး

များပြင်ဆင်ကြ၏။

သို့သော်အားလုံးနောက်ကျသွားချေပြီ၊ တော်လှန်သံနှင့် တပါတည်း မိုးကြီးသည်းထန်စွာ ရွာချတော့သည်သာ မကသေး ပင်လယ်ရေများ ကြောက်မက် ဘွယ်ရာ လှိုင်းတံပိုးကြီးစွာဖြင့် တဝုန်းဝုန်းတိုက်ခတ် တက်ရောက်လာတော့၏။

အားလုံးဘယ်သူ့ကို ဘယ်သူကမှ မစစ်နိုင်တော့ ခြေဦးတည့်ရာ ပြေးကြဘုရား တကြ၊ ဆူပွက်ကြနှင့် လေဒါဏ်၊ မိုးဒါဏ်၊ လှိုင်းဒါဏ်ကိုခံကြရတော့၏။

ဒီရေမှာကုန်းပေါ်သို့ ၁၂–ပေကျော်မျှ ၂–ညနှင့် ၂–ရက်တိုင်တိုင် တက်ရောက် ရကား။ သေးဆုံးမှု ပျက်စီးမှုမှာ ကြောက်ခမန်းလိလိရှိဘိ၏၊ စိုက်ပျိုးထားသောလယ်ပြင် များ အိမ်ကြီးအိမ်ငယ်ဘုရားကျောင်းကန်မရွေး ပျက်စီးကုန်၏၊ ရေနစ်၍မသေသူများမှာ လည်း သစ်ပင်ကျိုးပိ၍၄င်း၊ အငတ်ဒါဏ်ကြောင့်၄င်းသေဆုံးကြရရှာ၏၊ တချို့မှာ စွန့်စား၍ သစ်ပင်ပေါ်တက်ရောက် တွယ်ကပ်နေကြလင့်ကစား၊ တိုက်ခတ်နေသော လေဒေါဏ်နှင့် မိုးဒါဏ်ကြောင့် အလွှေန်၍ သေကြရှာသည်။ တချို့တို့ကား ရသမျှကို ဖေါင်ပြုလုပ်၍ ရေမျှောနေကြရရှာသည်။

ဒီရေသည်၂–ရက်လွန်မြောက် ၃–ရက်အရောက်တွင်မှ တဖြည်းဖြည်းကြာ သွား၏၊ လေပြင်းမုန်တိုင်းကတိုက်ခတ်ဆဲပင်ဖြစ်၍ ဤဒါဏ်ကြောင့်လည်း ဆက်လက် သေဆုံးကြရရှာပြန်သည်။

အားလုံးငြိမ်သက်သောအခါ မြစ်များချောင်းများတွင် လူကောင်များရောပြွန်း နေဘိ၏၊ မည်၍မည်မျှကြေကွဲဘွယ်ရာ ပျက်စီးသေဆုံးရသည်ကို လုံးဝမခန့်မှန်းနိုင် တော့။

မြွေပူရာကင်းမှောက်ဆိုသလို လေပြင်းမုန်တိုင်းဒါဏ်မှ လွတ်ခဲ့ရသူများသည် ကာလရောဂါ၊ အဖျားရောဂါ၊ ကျောက်ရောဂါများ စွဲကပ်လာ၍သေကြကြေကြရရှာ ပြန်၏။

နယ်ချဲ့အစိုးရကား ကယ်ဆယ်ရေးလုပ်ငန်းကို အင်တိုက်အားတိုက်ဆောင်ရွက် ပေး၏၊ ရိက္ခာများအစားအစာများ၊ ဆေးဝါးများအမြန်ဆုံးယူခဲ့ပြီးထောက်ပံ့ ကယ်ဆယ် ကြ၏၊ ကျန်လိုက်သူများကို တနှစ်တာအတွက်လိုလေသေးမရှိ ပေးကြ၏။

အပျက်ရှိလျှင် အပြုရှိစမြဲဖြစ်၏။

အဝကျွန်းသူ ကျွန်းသားများသည် လေပြင်းမုန်တိုင်းနှင့် ဒီရေဒါဏ်ကြောင့် မခန့်မှန်း နိုင်သောပျက်စီးမှု၊ သေကြေဆုံးရှုံးမှုများကို ယခင်နယ်သစ်မြေသစ် ထူထောင်ခဲ့သော ဖွဲ့နှင့်ပြန်လည်ထူထောင်ကြပြန်၏၊ အပျက်အစီးဟူသရွေ့ ဤခြေရာလက်ရာများကို တိုတောင်းသော နှစ်များအတွင်း ပြင်ဆင်လိုက်ကြ၏။

ထိုမှတဖန် အဝကျွန်းကား တရှိန်ထိုး စည်ကားလာပြန်တော့သည်၊ ၄င်းပြင် ၁၂၄၂–ခုနတ်တော်လအတွင်းမှာပင် ဓညဝတီရခိုင်ပြည်မှလူဦးရေ ၃၀၀–အိမ်ထောင်စု ၆၀–မျှသည် အဝကျွန်းသို့ ပြောင်းရွှေ့လာခဲ့ကြပြန်၏။

ဓအောင်ပန်းကြက်သရေ၊ ဝေဝေမိုလို့၊ သာမေလှပမောင်တို့ရွာဓ ဟူသော လှေပြိုင်ပွဲ ဆင်နွှဲသံသည်၄င်း  ဓပညာပေါ်ထွန်း အဝကျွန်းမြေ စောင့်ရှောက်လေ ရှင် နတ်များဓ ဟူသော အားကျမခံလှေပွဲသဘင်များသည်၄င်း ဆက်လက်ကျင်းပနိုင်ကြ ကာ ချမ်းသာယာမှုကို ပေါ်လွင်စေနိုင်ပေသည်။

ပြန်လည်၍လယ်သမားဘုံဗိမာန်ကြီးကို အားတက်သရောတည်ဆောက်မိနိုင် ကြသည်နှင့်အညီ အလှူရေစက် လက်နှင့်မကွာသလို၊ ကြေးစည်းသံတလွင်လွင်ဖြင့် ဒါနကုသိုလ်ပြုကြရပြန်၏၊ အဝကျွန်းအား စတင်တည်ထောင်ခဲ့သူများနှင့် ကပ်သုံးပါး၊ ဝဋ်သုံး၌ ပါသွားရသူများကို ရည်စူး၍ အမျှပေးကုသိုလ်ပြုနိုင်ကြပြန်သည်။

တောင်ရှည်လုံချီကိုဆင်မြန်း၍ ဖြူစင်သော ခေါင်းပေါင်းစပနာမနှင့် သက်ကြီး ရွယ်ကြီးများသည်၄င်း အဝတ်ဖြူစင်ကြယ်နှင့် အဝတ်ဖြူတဘက်ကို ပခုံးပေါ်တင်၍ ပူဇော်စရာအမွှေးနံ့သာများကို လက်၌ကိုင်လျှက် ကျောင်းကန်ဘုရားဆည်းပူးကြသော အမေကြီးများကို၄င်း အဝေးမှပင်မြင်နိုင်ကြပေပြီ။

စီးသည့်ရေ၊ ဆည်သည့်ကန်သင်း ဆိုသကဲ့သို့ လင်သည်ယောက်ျား၏ ရသ မျှဝင်ငွေကို တိုင်းထွာ၍ အိမ်ထောင်ရှင်မတို့ ပစ္စည်းဥစ္စာ စုဆောင်းနိုင်ကြပေပြီ။

နှစ်တွေဟောင်း၍ ခေတ်တွေပြောင်းခဲ့ပြီ၊ အဝကျွန်း၏စိတ်နေသဘောထား ကား မပြောင်းမလဲတည်မြဲနေဘိ၏၊ တလင်မကောင်း တလင်ပြောင်းမည့် အရေးသည် ၄င်း၊ စီးပွားဥစ္စာ ကိုယ်ရေးကိုယ်တာကြောင့် လူမျိုးခြားရင်ခွင်အောက်က ရောက်ရေး သည်၄င်း၊ အဝကျွန်းသူများအဘို့ မဖြစ်နိုင်သောအရေးအရာများဖြစ်၏။

ရေးရခိုင်တို့၏ ဆင်ယင်ထုံးဖွဲ့မှုကိုလည်း အဝကျွန်းသူများနှင့် ညလား၊ ဖ လောင်းချိပ်၊ ပင်းဝါ၊ မဟာစိုးသူတို့တထွေ အမြတ်တနိုးထိန်းသိမ်းထားကြသည်သာဖြစ် ၏။

အုပ်စိုးနေသော နယ်ချဲ့သမားကား အဝကျွန်းများ၏ စီးပွားရေး၊ ကြီးပွားရေး ရာများကို မျက်စေ့ကျလာပေပြီ။ အဝကျွန်းတောရိုင်းကို ထားမဦးချလုပ်ကိုင်ခဲ့ကြသော တပ်မင်းကြီးပို့အောင်၊ ဦးထွန်းအောင်ရီ၊ ဦးဂေါင်းကြီးတို့ လက်ထက်က အခလွတ် လုပ်ကိုင်ခွင့်ပေးသည်ကို ပယ်ဖျက်လျှက် ဒေသအလိုက် လယ်မြေအလိုက် လယ်ခွန်ပေး ဆောင်ကြရမည်ဟု အမိန့်ချမှတ်လာလေသည်။

ဤသို့ကြောင့် ၁၂၄၃–ခုနှစ်မှစ၍ အဝကျွန်းသူ ကျွန်းသားများ လယ်ခွန်ပေး ဆောင်ကြရ၏။

မိုးဃ်ဒုပ္ပိနှင့် ဗန္ဓုလီကျွန်းတို့၌ လယ်တကာနီကို ငွေသား (၁) ကျပ်ပေးဆောင် ကြရ၏၊ (လယ်တကာနီသည် အတောင်ဆယ်ပြန်ရှိသောဝါးနှင့်အလျှား ၂၄၀–ပြန်၊ အနံ ၂၄၀–အပြန်ရှိသော မြေကွက်ကိုခေါ်သည်) (မြန်မာပြည် ၆–ကေခန့်မျှရှိသည်) တောကျွန်း၊ ကံဆိုက်ကျွန်းနှင့် လက်ျာဘက်ကျွန်းများမှာ တချို့မြေကွက်များကိုမူ တကာနီကို ၈–ပဲ၊ ၁–ကျပ်ကျပေးရ၏၊ အဝကျွန်းစပါးဈေးမှာမူ စပါးတောင်း၁၀၀–လျှင်ငွေသား ဒင်္ဂါး ၂၀–မှ ၃၀–ထိရှိ၏၊ စပါးတောင်းတထောင်သည် အိန္ဒိယအလေးချိန် ၈၀–

သားနှင့် ၁၆–စီယာဖြစ်သည်၊ လူသုံးကုန်ပစ္စည်းနှင့်စားကုန်ပစ္စည်းများမှာ ငွေ သားဒင်္ဂါးတကျပ်လျှင် ပိတ်အကောင်းစား၅–ကိုက်မှ ၇–ကိုက်ခွဲထိရသည်။ ငြုပ်သီး၊ ဆီ၊ ဆား၊ ကြက်သွန်များမှာလည်း ၁–ကျပ်လျှင် ၂၀–မှ ၂၅–ကျပ်ဆီယာထိရ၏၊ ရွှေဈေးနှုန်းမှာလည်း ရွှေအထည်ပျက် တကျပ်လျှင် ၁၀–ကျပ်မှ ၁၅–ကျပ် အထိ ဈေးနှုန်းဖြစ်၏။

အဝကျွန်းသူ ကျွန်းသားများသည် မြေနုများနှင့် တောရိုင်း၊ မြေရိုင်းများကို ထားမဦးချ ခုတ်ထွင်ရှင်းလင်းသည်နှင့်အမျှ လယ်ကာနီပေါင်းများစွာ ပိုင်ဆိုင်လာ ကြချေသတည်း။

လွန်ခဲ့သော ပထမကမ္ဘာစစ်ကြီးအတွင်းနှင့် စစ်ကြီးပြီးနောက် ကမ္ဘာ့စပါးဈေး မှာ ကောင်းမွန်လှရကား အဝကျွန်းတို့၌ မြေကြီးမှရွှေသီးခြင်းပင်တည်း၊ လယ်မြေများ မှာလည်း များစွာတန်ဘိုးရှိလာ၏။

အဝကျွန်းမှ စီးပွားရေးသမားတို့ကား အိန္ဒိယတိုင်းသား စီးပွားရေး ပါရဂူများ နှင့် ရင်ဘောင်တန်းလိုက်ကြပေ၏၊ အင်ဒိုနီးရှားသို့တိုင် စီးပွားဆက်သွယ် ရောင်း ဝယ်ဖေါက်ကားကြ၏။

စီးပွားရေးတိုးတက်လာသည်နှင့်အမျှ ကျောင်းကန်ဘုရားတို့မှာ ရွှေရောင်တ ဝင်းဝင်း ကြေးစည်သံတညံညံနှင့် အောင်ပန်းကျက်သရေဝေဝေမိုးလို့၊ သာမော လှပမောင်တို့ရွာစသော လှေပြိုင်ပွဲများလည်း ကြက်ပျံမကျ စည်ကားပေတော့သည်။

ဒုတိယကမ္ဘာစစ်ကြီးအတွင်း၌ အဝကျွန်းနှင့်မဟာစိုး၊ ဖလောင်းချိပ်၊ ပင်းဝါဒေ သတခွင်တို့သည် ကြီးစွာသော ပြောင်းလဲခြင်းနှင့် ကြုံကြိုက်ခဲ့ရသည်။

ဖက်ဆစ်ဂျပန်များ နတ်မြစ်ထိ တိုက်သိမ်းထားရာ အိန္ဒိယတပြည်လုံးအငတ် ဘေးကြုံခဲ့သည်။ သိန်းသန်းချီ၍ ငတ်မွတ်သေဆုံးခဲ့ရသည်။ ဤတွင်အဝကျွန်း စပါး ဈေးမှာ စပါးတောင်း ၁၀၀–လျှင် ၇၀၀–မှအထက်သို့ ရှိခဲ့သည်။ လယ်သမားသဌေးဖြစ် ကိန်း ဆိုက်ရောက်ခဲ့ပြန်လေသည်။

ပြဿနာ

၁၉၄၇–ဩဂုတ်လတွင်ဖြစ်သည်။ ပူပြင်းသော နေရောင်ချိန်ကြောင့် အိန္ဒယ ဘုရင်ခံချုပ် စိုးစံရာ ဒေလီမြို့သည် ခြောက်သွေ့ပူလောင်နေသည်။

ဘုရင်ခံချုပ် အိမ်တော်ကို စောင့်ကြပ်နေရသော အန္ဒိယစစ်သားများကား၊ နေပူပြင်အောက် လှံစွပ်တဝင့်ဝင့်နှင့် တာဝန်ကိုထမ်းဆောင်နေကြသည်၊ သူတို့တ ကိုယ်လုံးမှာ  နေပူချိန်ကြောင့်ပင် ချွေးသီးမိုးပေါက်ကျနေသည်၊ သို့သော် တာဝန်အ တိုင်း ဝတ္တရားမပျက် အပူဒါဏ်ကိုရင်ကော့ခံကြသည်။

တဖြည်းဖြည်းနှင့် ဘုရင်ခံချုပ်အိမ်တော်သို့ ရောက်သင့် ရောက်ထိုက်သူများ စုံညီရောက်ရှိကြပြီ။ မစ္စတာဂျင်နားကား ရင်တထိပ်ထိပ်နှင့် တမျိုးတသွယ်သော နိုင်ငံရေးအရသာကို ခံစားနေပုံရသည်၊ မစ္စတာဂန္ဒီကြီးမှာကား ထိုနေ့အဘို့ တရက်လုံးလုံး စကားမပြောဟူ၍ အဓိဋ္ဌာန်ပြုထားသည်ဖြစ်၍ ဘုရင်ခံချုပ်က ဘာများပြောသည်ကို မှတ်ထားရန် ဖေါင်တိန်နှင့်စာရွက်တကိုင်ကိုင်ဖြစ်နေသည်။

အိန္ဒိယတပြည်လုံးသာမက ကမ္ဘာတဝန်းလုံးက နားစွင့်နေရသော ပြဿနာ ဖြေရှင်းရေးဖြစ်သည်။

ဘုရင်ခံချုပ် မောင့်ဘက်တန်သည် အိန္ဒိယမြေပုံကြီးကို အစိပ်စိပ်ခွဲပစ်နေသည်။ မဟတ္တမဂန္ဒီကြီးဘက်သို့ လှည့်၍ပြောတိုင်း ဂန္ဒီကြီးသည် မှတ်၍မှတ်၍ထားသည်။

ထိုနေ့မတိုင်မီကဆိုပါလျှင် အိန္ဒိယပြည်ကို တလက်မမှအခွဲမခံ အိန္ဒိယပြည်ကြီး သွေးချောင်းစီးပါစေဟူ၍အကြွမ်းဘက်မှု မလိုလားဆုံးသူတဦးဖြစ်လင့်ကစား သွေး ချောင်းစီးစကားပြောခဲ့၏။

မောင့်ဘက်တန်၏ ထိုသို့အိန္ဒိယမြေပုံပေါ် ခွဲစိပ်ပေးချက်အတိုင်း အိန္ဒိယ၊ ပါကစ္စတန် ဒိုမီနီယံ ၂–နိုင်ငံပေါ်လာခဲ့ရသည်။

ရခိုင်ဘုရင်များကြီးစိုးစဉ်က ရခိုင်တို့၏ လက်နက်နိုင်ငံဖြစ်ခဲ့ဘူးသော ဒက္ကမြို့ သည် အရှေ့ပါကစ္စတန်ပြည်၏ မြို့တော်ဖြစ်လာ၏ ထိုမှမကသေး ဘူးသီးတောင်၊ မောင်တော ဆပ်ဒီဗီဇံနယ်များကိုပင်လျှင် အရှေ့ပါကစ္စတန်နယ်မြေများ ဖြစ်စေရန် လုံးပန်းလာတော့၏။ စစ်ကြီးအတွင်းကဆိုလျှင် အိန္ဒိယမူစလင်အစည်းအရုံးကြီး၏ အလုပ်အမှုဆောင်တဦးဖြစ်သူ အိုင်စီအက်ဟောင်း မစ္စတာအာဆာဂါအလီဆာသည် တာဝန်အရ ဘူသီးတောင်သို့ ရောက်ခဲ့စဉ်က ရခိုင်မူစလင်များကို နှုး၍ ထိုဆပ်ဒီဗီ ဇံကိုအနာဂါတ်ပါကိစ္စတန်ပြည်ထဲ သိမ်းသွင်းပါရန် ၁၉၄၂–နှစ်ကာဒါချီမြို့၌ ကျင်းပခဲ့ သောပြည် လုံးဆိုင်ရာမူစလင်အစည်းအရုံးနှစ်ပတ်လည်ညီလာခံ၌ပန်ကြားခဲ့ဘူး၏။ ထိုမျှမကသေး ရခိုင်အမျိုးသားများ တသိန်းကျော်မှာ နေထိုင်သော အဝကျွန်း နှင့် ဖလောင်းချိပ်၊ ပင်းဝါနေ ရခိုင်တို့၏ ဘဝကံကြမ္မာမှာ ပါကစ္စတန် အစိုးရအပေါ် လုံးဝ တည်ရှိနေတော့၏။

အဝကျွန်းရှိ ကျေးရွာများကို ရေတွက်ကြည့်မိလျှင် ကံဆိုက်ကျွန်း၌ ရွာပေါင်း ၆၀–ရှိ၏။ ဘုန်းကြီးကျောင်း ၆၀– စေတီတဆူ၊ ဘုရား၂–ဆူ၊ သိမ် ၁–သိမ်ဖြစ်၏။ ဤသည်တို့မှာအဝကျွန်း၏ နာမည်ကြီး အုတ်မြစ်များဖြစ်၏ အမည် မဖေါ်ပြလောက် သော ကျေးရွာများနှင့် ဘာသာအဆောက်အဦးများစွာရှိသေး၏၊ ထိုနည်းတူစွာ တောကျွန်းအပါအဝင် ဗိုဂျီးကျွန်းကြီး၊ ဗိုဂျီးကျွန်းငယ်များ၌၊